# သခင့်စကား
## The LORD's Word
ဝိညာဉ်ရေးဂျာစာစောင်

သို့သော်လည်း ငါ၏ ကရုဏာကို သူမှ ငါ မနှုတ်မပယ်၊ ငါ၏ သစ္စာကိုလဲ မဖျက်၊ ငါ၏ ပဋိညာဉ် တရားကိုလဲ မရှုတ်ချ၊၊ငါ မိန့် မြွက်သော စကား လည်း ဖောက်ပြန်ခြင်း မရှိရ၊၊ ဆာလံ ၈၉း၃၃–၃၄

အမှတ်စဉ် (၇၈) ဖေဖော်ဝါရီလ ၂၀၀၈ ခုနှစ် စေ့ငါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )

## အခွံ –၂



ဖေါရိန်း တီရှပ် 'ဂျင်း' စကတ် နဲ့ ၊ အဖိုးတန် ရေမွှေး ဆွတ်ဖြန်းထားလဲ
အဝတ်အစား နဲ့ အရေပြား ကြားမှာ ၊ အနံ့ဆိုး တွေ ရှိနေသေးတယ် ။
စုတ် တသတ်သတ် ရင် ကို ခတ်၍ ၊ 'သနားလိုက်တာ သူ့ခမျာ' ဟု
နှုတ်က တတွတ်တွတ် ဆိုနေပေမဲ့ ၊ သဒ္ဓါ ငွေကြေး မလှူသေးရင် ၊
သနားကြင်နာ ချစ်မေတ္တာဟာ ၊ အပေါ်ယံ သဘောဘဲ ရှိနေသေးတယ် ။
ပြုံးတုံ့ချိုသာ ခွန်းချိုနေလျှက် ၊ ကိုယ်ဟန်မူယာ ယဉ်ကျေးနေလဲ
မနာလို စိတ်ထား ကွယ်ဖုံး ထားက ၊ ခင်သူ ကျောနောက်
ဓါးနဲ့ ထောက်မဲ့ ၊ စိတ်ထား ယုတ်တွေ ရှိနေသေးတယ် ။
လက်သီး လက်မောင်းတန်း ၊ သမ္မာကျမ်းကို ။ ပါးစပ် အမြှုပ်ထ တစ်ခွခွနဲ့
လူအုပ်ကြားမှာ ဟောနေပြားလဲ ။ လက်တွေ့ မပါ ၊ မ ကျင့်ဆောင်လျှင်
ဘုရား ဗလာ နှလုံးသားဟာ ၊ "အခွံ"ချည်း သက်သက် ရှိနေသေးတယ် ။ ။

**မင်းအောင်သက်လွင်**

---

## ဆက်သွယ်မှု (E.E.M)



အရေးကြီးလို့ ဖုန်းခေါ်မိ ကိုင်မဲ့သူက မရှိ ၊
အကြောင်းထူးလို့ ဖုန်းခေါ်ရ ။ ထူးသံ မကြားရ
ထွက်မိ ဒေါသ ထိန်း မနိုင် ။ အိပ်ရေးပျက်လို့ ထိုင်ကာငိုင်
မြေကြီးပေါ်မှာ အဆက်အသွယ်ပျက် ၊ ကောင်းကင်ဘုံနဲ့ တိုက်ရိုက်ဆက်
အချိန်မရွေး ဆက်သွယ်လဲ ။ သူလေ ချက်ခြင်း ပြန်ထူးမဲ့။ အဲဒါ တို့ "အဖ" ဘဲ ။

---


## ဆုတောင်းသံ — သီးခုငယ် (LK)



မာန အာဃာတ တွေနဲ့ လောကမှာ လူတွေဟာ နပန်းလုံး နေကြတယ် ။
ဒေါသတွေ မောဟတွေ သုံးပြီး လူတွေရဲ့ လိုအင်ကို လျစ်လျူရှု ထားကြတယ်၊
ဩော် – ဘုရားမြတ် ဟောထားတဲ့ မေတ္တာနိုင်ငံ ဘယ်မှာ များလဲ ။
လူတွေ မေတ္တာ ထားနိုင်ကြဖို့ ၊ ရင်ထဲမှာ လှိုက်လှဲစွာ ဆုတောင်းနေမိတယ်။

---

## နှုတ်ကပါတ်တော်အားဖြင့် ဒုက္ခကို တိုင်းတာခြင်း



ဒုက္ခ – ၊ နားဝမှာ တမာထက် ခါးလေပြား ၊
လူမှန်လျှင် ကွင်းရှောင်ချင် လေပြား ၊ ရှောင်လွှဲနိုင်သူ တွေ့ရှိးလား။
ဒုက္ခ – ၊ ပုထုကြီးငယ် လူမှန်လျှင်တော့
လူမျိုး သားရောင် ခွဲကာ မရှောင်ဘူး၊
ဖွားဘက်ဖြစ်လာ အပြစ်ကြောင့်ပါ။
ဒုက္ခ – ၊ ကောင်းဆိုးနဲ့ ချမ်းသာဆင်းရဲ
မခြားနား ဆုံတွေ့မြဲပေမို့ ၊ သင်နှင့် ကျွန်ုပ်လဲ ကြုံရမည်မလွဲ
ဒုက္ခ – ၊ ခရစ်ယာန်မို့ ရင်ဆိုင်ဖို့ဖန်လေလျှင်
ကင်းရှင်းစေ ရှက်ကြောက်ခြင်း ၊ ထွန်းလင်းမည် ဘုရား ဂုဏ်သတင်း ။
ဒုက္ခ – ၊ တရားဖက် မျက်ပြေ ၊ ဘုရားဖက်က ဒုက္ခ ကြေ၍
လားရာ သုဂတိ အမှန်မသွေ ၊ နန်း အမတက တို့ စံမြေ ။ ။

**Samuel Soe Lwin**

(အခြေပြု – က ၃း၁၇–၁၉၊ ၁ပေ ၄း၁၆၊ ယော ၁၄း၁–၃)

---

## အကျင့်ဆိုး (မင်းထွန်းသက်လွင်)



'သီချင်းတစ်ပုဒ်' ဆိုတတ်မှ နားထောင်ကောင်းတယ် ။
'သချင်္ချာတစ်ပုဒ်' တွက်တတ်မှ အဖြေမှန် ရမယ် ။
'ကဗျာတစ်ပုဒ်' စပ်တတ်မှ ကာရန်လှတယ် ။
'ကျမ်းတစ်ပုဒ်' ဖတ်တတ်မှ ခွန်အားရမယ် ။
ဒီ ဥပဒေသတွေ သိထားပေမယ့်
လျှပ်ပေါ်လော်လီ ရေပေါ် ဆီဝင်း ၊ ပလော်ပလီ နိုင်တဲ့
ငါ့ "အကျင့်ဆိုး"တွေ ၊ ပြင်မရတာ တော်တော်ခက်တယ် ။ ။

---

## ရှေးဦးမေတ္တာ (ဟံသာမွန်)

ကယ်တင်ခြင်း ရခါစ ၊ သခင့် အကြောင်းပို၍ သိချင်လှ
အလုပ်က ပြန်လာ မောပန်းရမှန်းမသိ ၊ ကျမ်းစာသင်မဲ့ နေရာ
ရှာဖွေ စုံစမ်း ကြိုးစားတက်ကာ ကျမ်းစာ သင်တန်း
သခင့်ကို ချစ်တာ ရှေးဦးမေတ္တာကြောင့်ပါ ။
နှစ်များကြာညောင်း ရာသီတွေ ခါခါပြောင်းလာ
နှလုံးသားတွေ မာကျော အေးခဲလာကာ
ဒံယေလ အကြောင်းဆိုလဲ သိပြီးသား၊
ဒါဝိဒ်၊ မောရှေ အကြောင်းဆိုလဲ ကြားဖန်များ
သခင့်အစား မိသားစုရေး၊ စီးပွားရေး ၊ လူမှုရေး
အစားထိုး အလေးပေး ၊ အို ဘယ့် နှလုံးသား သခင့်အတွက်နေရာ
သခင့်အတွက် မေတ္တာ သခင့်အတွက် အချိန် အဘယ်မှာနည်း ။
ပြန်လာလှည့်ပါ၊ သခင့်ဆီကို
သခင့်၏ အကြင်နာမျက်ဝန်းမှာ မျက်ရည်တွေ ယို
ပျောက်ဆုံးနေသော သင်၏ ရှေးဦးမေတ္တာ
နှစ်သစ်မှာ သခင်က တောင့်တနေမှာ အိုချစ်သား ။ ။
( ကျမ်းစာသင်ပေးသော ဆရာများအား ဤကဗျာဖြင့် ဂုဏ်ပြုပါသည် )

---

## အချစ်ဆုံးတဲ့ (ကြယ်လေး)



အစတုံးက မင်းအချစ်ကို ငါ မသိခဲ့၊ အလေး မထားခဲ့မိဘူး။
လိုချင်တာ ဖွတ်တောင်း ၊ ရတော့ သွားဖြဲ ။
မရတော့ ဆုဆောင့် မျက်စောင်းတွေတောင် ထိုးခဲ့မိတယ်။
ဒီလိုနဲ့ စက္ကန့် ၊ မိနစ်၊ နာရီတွေကို ရက်က ဝါးမြို ၊
တစ်နေ့မှာတော့၊ ငါ့ရဲ့ ခန္ဓာ အားအင်ချိနဲ့ ၊ ငါ့ရဲ့ စိတ်ဓါတ်အောက်ဆုံးထိ ကျ
ငါ့ရဲ့ ဝိညာဉ် ညှိုးနွမ်းသွေ့ခြောက် ၊ ဘာဆိုဘာမှ ငါမသိတော့တဲ့ အချိန်မှာမှ
ချစ်သူက ပြော နားနားကပ်ကာ တိုးတိုးလေး၊
"မင်းကို ငါက အချစ်ဆုံး"တဲ့ မွေးညှင်းတွေထ ၊ မျက်ရည်တွေလဲ ကျခဲ့မိရတယ်။
ငါ့ဘက်က ဘာမှ မသိ မတတ်ပေမဲ့
ချစ်သူအတွက် တစ်ခုခုတော့ လုပ်ပေးချင်တယ် ။ ။
(ထာဝရ ချစ်သူအတွက် ချစ်သူများနေ့ အမှတ်တရ ... ဆာလံ ၉၄း၁၉ )

---

## သက်သေခံချက် (JOEE)

ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ၁၁–၁–၂၀၀၈ မနက် စောစောအချိန် ခြံဝမှာ သတင်းစာသွားယူရင်း **Home** မှာပါတဲ့ သတင်းလေးကို ဖတ်လိုက်မိပါတယ်။ ၂လ သားလေး ရေအိမ်သာ အိုးနဲ့ ဆောင့်မိပြီး ၈ နာရီ အကြာမှာ သေဆုံးသွားတဲ့ သတင်း၊ ကလေးကို အင်ဒိုနီးရှား မလေးက ရေချိုးပေးရင်းနဲ့ ဖြစ်သွားတဲ့ အရာကို ဖတ်ပြီးတဲ့ အချိန်မှာ ကျွန်မ ချက်ခြင်းဘဲ ဘုရားသခင်ဆီမှာ ဆုတောင်းရင်း ကျေးဇူးတော် ချီးမွမ်းမိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အဲဒီလိုဖြစ်ရပ်မျိုး ကနေ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ကျွန်မဟာ ဘာပြဿနာမှ မဖြစ်ခဲ့ဘဲ၊ ဒီနေ့ထိတိုင်အောင် ဘုရားသခင်ရဲ့ ကွယ်ကာမှု၊ ချီးမြှင့်မှုတွေကို ခံစားခဲ့ရတဲ့အတွက် ကျေးဇူးတော်ကို ချီးမွမ်းမိတာဖြစ်ပါတယ်။ တစ်ခါတုံးက ကျွန်မ ကြည့်ရှုရတဲ့ကလေး ၄လ သမီးမှာ ရေချိုးပေးရင်းနဲ့ ကလေးက ရှန်းတဲ့အခါ တံခါးဘောင်နဲ့ ကလေးမျက်နှာ ဆောင့်မိပြီး၊ ကလေးက တအား ထငိုပါတယ်။ ကျွန်မလဲ ကလေး အငိုတိတ်အောင် ချော့မြူနေတုံး သူ့အဘွား ရေချိုးခန်းထဲဝင်လာပြီး၊ ဘာဖြစ်တာလဲ လို့ မေးပါတယ်။ ကျွန်မလဲ တံခါးနဲ့ ဆောင့်မိသွားတယ်လို့ ဖြေလိုက်တယ်။ အဲဒီအချိန်မှာ အဘွားကြီးက သွေးတွေ ထွက်နေတယ် ပြောမှ၊ ကျွန်မလဲ ကလေးရဲ့ မျက်နှာကို သေသေချာချာ ကြည့်မိပါတယ်။ ကျွန်မ တအား လန့်သွားမိပါတယ်။

ကျေးဇူးတော်ကြောင့် ဘုရားသခင်က ချက်ခြင်း ဉာဏ်ပညာ ပေးပါတယ်။ မျက်နှာသုတ်ပုဝါကို ရေခဲရေနဲ့ လျှော်ပြီး သွေးထွက်လာတဲ့ ကလေးရဲ့ နှုတ်ခမ်းကို သုတ်ပေးရင်း ကလေးကို ဘုရားသခင် လက်တော်ထဲ အပ်နှံ ဆက်ကပ်

လိုက်ပါတယ်။ ကျွန်မ အဲဒါတွေ လုပ်ပေးပြီးတဲ့အခါမှာ အဘွားက ကလေးကို ငါ့ကို ပေးလို့ ပြောပြီးခေါ်သွားပါတယ်။

ကျွန်မလဲ ရေချိုးခန်းထဲမှာဘဲ ဒူးထောက်ဆုတောင်း လိုက်ပါတယ်။ ဘုရားရှင် ကွယ်ကာပေးဖို့ ပြီးတော့ ကလေးကို နို့တိုက်ရင်း ကလေး အိပ်ပျော်သွားတယ်။ ကလေး အိပ်ပျော်နေချိန်မှာ ကလေးနားမှာထိုင်ပြီး တစ်ချိန်လုံး ဘုရားသခင်ရဲ့ လက်တော်ထဲ အပ်နှံ ဆုတောင်းပေးပါတယ်။ ကလေးက နနယ်တဲ့အချိန်မှာ ထိခိုက်ဒဏ်ရာရရင် အနည်းနဲ့ အများ အညို အမည်း စွဲမယ်၊ ဒါမှမဟုတ် ယောင်ကိုင်းပြီး နေမယ်။ အဲဒါတွေ မဖြစ်ဖို့ ကျွန်မ စိုးရိမ်နေရင်းနဲ့ ဆုတောင်းပေးနေမိပါတယ်။ ကလေးရဲ့ မျက်နှာကို ဘုရားသခင်ရဲ့ အသွေးတော်နဲ့ ပါတ်ရစ်ပြီး၊ ကျေးဇူးတော်ချီးမွမ်းနေတယ်။

ကလေး နိုးလာတဲ့အခါ ချက်ခြင်း ကလေးရဲ့ မျက်နှာကို ကြည့်တဲ့ အခါမှာ ဘာဒဏ်ရာမှ မပေါ်ဘဲ နဂိုအတိုင်း သန့်စင်နေတာကို တွေ့လိုက်ရတဲ့ အတွက် ဘုရားသခင်ရဲ့ မစမှုကို ကျေးဇူးတော် ချီးမွမ်းမိပါတယ်။ ပြီးတော့ ညနေ အလုပ်ရှင်ပြန်လာရင် ဒီအဖြစ် အပျက်ကို အဘွားဖြစ်သူက သူ့သမီးကို ပြန်ပြောပြခဲ့ရင် ကျွန်မ အလုပ်ရှင်ရဲ့ အဆူခံရမယ်။ ဒါမှမဟုတ် ကျွန်မ တစ်နေကုန် စိတ်ညစ်အောင် မျက်နှာ ဆူပုပ်နေမှာ သေချာပါတယ်၊ အဲဒီ အရာတွေကိုလဲ ဘုရားရှင် ကွယ်ကာပေးဖို့ ဒီ အဖြစ်အပျက်ကို အဘွားကြီး မေ့ပြီး ပြန် မတိုင် ပြောမိဖို့ ဆုတောင်းတဲ့အတိုင်း ဘုရားသခင်က ကွယ်ကာပေးခဲ့ပါတယ်။ ကျွန်မ ဆုတောင်းချက် တစ်ခုစီတိုင်းကို ဘုရားရှင်နားညောင်းပါတယ်။

ကလေးနဲ့ ပါတ်သက်ပြီး ကြီးကြီးမားမား ဖြစ်ပျက်တိုင်းမှာလဲ ကျွန်မ တာဝန်မကျတဲ့ အချိန်မှာဘဲ ဖြစ်တာ များပါတယ်။ အဖိုး နဲ့ အဖွား ကြည့်ပေး နေတဲ့အချိန် ကလေး လမ်းလျှောက် တတ်ကာစမှာ သုံးခါ ဆိုဖာပေါ်ကနေ နောက်ပြန် လဲကျပါတယ်။ ကျွန်မ တာဝန်မကျတဲ့ အချိန်ဖြစ်ပေမဲ့ ကျွန်မ ဘုရား



သခင်ဆီမှာ ဆက်ကပ် ဆုတောင်း ပေးတဲ့အခါ ဆိုးဆိုးဝါးဝါး အခြေအနေ ဘာတစ်ခုမှ မဖြစ်လာဘဲ၊ ကလေးလဲ ယနေ့ထိတိုင် ကျန်းကျန်းမာမာနဲ့ ရှိနေတဲ့အတွက် ကျေးဇူးတော်ချီးမွမ်းရင်း ကျွန်မ လိုဘဲ အိမ်မှာ လာလုပ်တဲ့ သူတိုင်းကို ခွန်အား ပေးလိုပါတယ်။ ကျွန်မတို့ဟာ အသေးငယ်ဆုံး အလုပ်ကို လာလုပ်ကြ တာ ဖြစ်တဲ့အတွက် တစ်ခုခု လုပ်လို့ မှားသည်ဖြစ်စေ၊ မှန်သည် ဖြစ်စေ၊ သူဌေးတွေက ကျွန်မတို့မှာ အပြစ်အရှိဆုံး၊ တာဝန်အရှိဆုံးလို့ ခံယူတတ်ကြပါတယ်။

ဒါ့ကြောင့် ကျွန်မတို့ လုပ်ဆောင်မှု တစ်ခုစီတိုင်းမှာ ဘုရားသခင်ရဲ့ အကြံအစည် အခွင့်တော်အတိုင်း လုပ်ဆောင်တာ ဖြစ်ဖို့၊ ကျွန်မတို့ရဲ့ အမှုအရာ အသေးစိတ်ကို ဘုရားရှင်ထံ ဆက်ကပ်အပ်နှံ ဆုတောင်း ရင်းနဲ့ နေ့စဉ်ကျော်ဖြတ်ဖို့ ခွန်အားပေးချင်ပါတယ်။ ဘုရားရှင်ဟာ ကျွန်မတို့ အနီးအပါးမှာ အစဉ် ရှိနေပြီး မမြင်နိုင်တဲ့ နည်းလမ်းပေါင်း များစွာနဲ့ စောင့်ထိန်း ကွယ်ကာနေပါတယ်။


**ယောဘ ၅း၈–၉ ငါမူကား ဘုရားသခင်ကို မြော်လင့်မည်။ ကိုယ်အမှုကို ဘုရား သခင်၌ အပ်မည်။ ဘုရားသခင်သည် ကြီးသောအမှု၊ စစ်၍ မကုန်နိုင်သော အမှု ရေတွက်၍ မဆုံး၊ အံ့ဩဘွယ်သော အမှုတို့ကို ပြုတော်မူ၏။**

ခရစ်တော်၏ နာမတော်မြတ်၌ – **JOEE** (ခေတ္တ – စင်ကာပူ )

---

## ကျွန်မ၏ အတွေ့အကြုံ ( ရှပ်ဆိုးမ )

ကျွန်မ စင်ကာပူမှာ အလုပ်လာလုပ်တာ ကိုးလကျော်လို့ ဆယ်လ ပြည့်ခါနီးပါပြီ။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ကောင်းမွန် အေးဆေးစွာနဲ့ဘဲ နေထိုင်ခွင့် ရခဲ့ပါတယ်။ စင်ကာပူ မလာခင်မှာ ပွဲစားကို ကျွန်မ ဆီမှာ သူနာပြု အကူ အောင်လက်မှတ်ရှိကြောင်း၊ ဆေးရုံ လုပ်သက်၅နှစ် ရှိကြောင်း၊ လူနာကို ကောင်းကောင်း ပြုစုတတ်ကြောင်းပြောပြပြီး စာရွက်စာတမ်းတွေ တင်ခဲ့ပါတယ်။ ဘုရား သခင်ရဲ့ အလိုတော်အရ အသက် ၉၂ နှစ်ရှိပြီး လေဖြတ်နေတဲ့ လူနာ အဘိုးကြီးကို ပြုစုရပါတယ်။ အဘိုးဟာ တစ်လမှာ နှစ်ခါ သုံးခါလောက် ဆေးရုံမှာ သွားနေရပါတယ်။ အဲဒီလို အချိန်ဆိုရင် ကျွန်မဟာ ညပိုင်း ဆေးရုံမှာ သွားအိပ်ရပြီး မနက် ဆယ်နာရီခွဲလောက် အိမ်ပြန် လာအိပ်ပါတယ်။ ညနေ ငါးနာရီ လောက်နိုးပြီး ညပိုင်း အစောင့်အနေနဲ့ သွားစောင့်ရပါတယ်။



ဆေးရုံကို အမြဲတမ်း သွားရတော့ ဆေးရုံက သူနာပြုတွေနဲ့ ရင်းနှီး သွားတာပေါ့။ တစ်ခေါက်မှာပေါ့၊ အဘိုးကို ဆေးရုံသွားတင်ရတော့ သူနာပြုတွေက အခု ဒီဆေးရုံမှာ မြန်မာ လူနာရှိကြောင်း ကျွန်မကို ပြောပြပါတယ်။ ကျွန်မ အရမ်း ဝမ်းသာသွားပါတယ်။ ဘာဖြစ်လို့လဲ ဆိုရင် စင်ကာပူ ရောက်နေတဲ့ ကျွန်မမှာ မြန်မာ သူငယ်ချင်း မရှိဘူးလေ။ ဒီလိုနဲ့ မြန်မာကောင်လေးက လာ မိတ်ဖွဲ့ပါတယ်။ သူက ဗမာဖြစ်ကြောင်း မယုံကြည်သူဖြစ်ကြောင်း၊ အင်ဂျင်နီယာဖြစ်ကြောင်း ပြီးတော့ ဟိုဘက်မှာ မြန်မာ နောက်တစ်ယောက် ရှိသေးကြောင်း ပြောပြပါတယ်။ ဒါနဲ့ သူက နောက်မြန်မာ တစ်ယောက်နဲ့ မိတ်ဆက်ပေးပါတယ်။ ပျော်သွားတာ ပေါ့။ ကျွန်မက မြန်မာသူငယ်ချင်း ဝတ်တဲ့သူ။ ညပိုင်းဆို ကျွန်မတို့ သုံးယောက် စကားတွေ ထိုင်ပြော။ မုန့်တွေ ထိုင်စားကြတယ်လေ။

နောက်တော့ မြန်မာ မောင်လေးက ဆေးရုံက အရင် ဆင်းခွင့် ရသွား ပါတယ်။ ကျွန်မနဲ့ နောက်မှ မိတ်ဆက်ပေးတဲ့ မြန်မာတစ်ယောက်ဘဲ ကျန်ခဲ့ ပါတယ်။ ကျွန်မက တော်တော် 'အ' ပါတယ်။ ကျန်တဲ့ မြန်မာလူက ကျွန်မအပေါ် ဘယ်လို မရိုးမသား စိတ် ရှိတယ်ဆိုတာ မသိပါဘူး။ မရိပ်မိပါဘူး။ အဲဒီလူက ကျွန်မကို သွေးတိုးစမ်းပြီး ဇာတ်လမ်း စ လာပါတယ်။ ကျွန်မကို စင်ကာပူမှာ အိမ်အလုပ် လုပ်တယ် ဆိုတော့ အထင်သေးတာလဲ ပါပါတယ်။ လစာ ဘယ်လောက် ရသလဲ။ မေးတော့ ကျွန်မ က ပွင့်ပွင့်လင်းလင်း အမှန်အတိုင်း ပြောမိ ပါတယ်။

သူက ကျွန်မ ကျောင်းတက်ချင်ရင် ကျောင်းထားပေးမယ်။ မြန်မာပြည် ပြန်ပြီး စီးပွားရေး လုပ်ချင်ရင် ပိုက်ဆံအရင်းအနှီး ထုတ်ပေးမယ်လို့ မက်လုံးတွေ ပေးလာပါတယ်။ စင်ကာပူမှာ အိမ်အလုပ် လုပ်တာ မကောင်းကြောင်း ပြောပါ တယ်။ ပိုက်ဆံ သုံးဖို့ မရှိရင် သူ့ဆီက ယူမလား ဆိုပြီး သဘော ကောင်းသယောင် ဟန်ဆောင် ပြပါတယ်။ သူက စင်ကာပူဒေါ်လာ လခ ထောင်ကျော်ရကြောင်း သူ့ မိသားစုက သုံးနိုင်ဖြုံးနိုင် ကြောင်း ကြွားလုံးထုတ် လာပါတယ်။ နိုင်ငံခြား မှာ ကျွန် လာခံတာချင်း အတူတူ၊ ဘိန်းစားချင်း အတူတူ တစ်လုံး ပိုရှု ပြ နေပါတယ်။ ကျွန်မ စိတ်ထဲမှာတော့ အားနာပါးနာနဲ့ နားထောင်ပေးနေရပေမဲ့ ဘယ်လို ဟာကြီး လဲ၊ သူသုံးနိုင်တာ ငါနဲ့ ဘာဆိုင်လို့ လဲလို့တွေးနေမိပါတယ်။ တွေးသာ တွေးမိတာ ပါ၊ ကျွန်မကို သူ ကြိုးစားနေမှန်း မရိပ်မိပါဘူး။

နောက်တော့ ဒီလူက တစ်ဆင့်တက်ပြီး၊ နင့် ဖုန်း အစုတ်ကြီးက မ ကောင်းဘူး။ ငါ ဆေးရုံက ဆင်းရင် နင့်ကို ဖုန်းအသစ် လက်ဆောင်ပေးမယ်လို့ တဲ့တိုး ပြောလိုက်ပါတယ်။ ဟား – အဲဒီတော့မှာဘဲ ကျွန်မ အားလုံး သဘော ပေါက် သွားမိပါတယ်။ ဒီလူက ငါ့ကို ဒီလို ပါလားလို့ ရှင်းသွားပါတော့ တယ်။

စိတ်ထဲမှာလဲ လိုချင်အုံးဟဲ့ မြန်မာသူငယ်ချင်းလို့ ကိုယ့်ကိုယ်ကို ပြန်ပြော နေမိပါတယ်။ နောက်ပိုင်းမှာ သူနဲ့ သိပ်မရောတော့ဘဲ။ ခပ်တည်တည် ခပ်တန်းတန်း ဘဲနေလိုက်ပါတယ်။ အလ္လာပ သလ္လာပတွေ မပြောတော့ပါဘူး။ ကျွန်မကို သွေးတိုးစမ်းလို့ မရမှန်းသိတော့မှ သူ့ မှာမိန်းမနဲ့ ကလေးရှိကြောင်း ပြောပြ ပါတယ်။ နောက်တော့မှ သူ့အကြောင်းကို ဆေးရုံမှာ အလုပ်လုပ်နေတဲ့ ယုံကြည်သူ မြန်မာ အစ်မ တစ်ယောက်ဆီက အကြောင်းစုံ သိရပါတယ်။ သူက 'မ'ဆိုရင် ဘာ 'မ'ဘဲ လာလာ၊ လက်တည့် စမ်းတတ်တဲ့သူ။ သွေးတိုး စမ်း တတ်တဲ့ သူတစ်ယောက် ဖြစ်နေတယ်ဆိုတာကိုပါ။ အညာလွယ် သူကို ခြေ တတ်တဲ့သူ ဆိုတာ ကောင်းကောင်းသိလိုက်ရပါတယ်။

ဒီ အကြောင်းကို ကျွန်မ သခင့်စကားမှာ ဘာဖြစ်လို့ ထည့်ရေး ရသလဲ ဆိုရင် နိုင်ငံခြားမှာ အလုပ်လာလုပ်တဲ့ ကျွန်မနဲ့ ဘဝတူ လူတွေ အားလုံး အလုပ်နဲ့ ပါတ်သက်ပြီး စိတ်ဓါတ်ကျအောင် ပြောချင်တဲ့သူတွေ ရှိကောင်း ရှိပါလိမ့်မယ်။ ဒါပေမဲ့ စိတ်ဓါတ် လုံးဝ မကျပါနဲ့ ။ အားငယ်စိတ် လုံးဝ မထားပါနဲ့ ။ အလုပ်ဟူသမျှ ဂုဏ်ရှိစွ လို့ မှတ်ယူပါ။ ကိုယ့်အလုပ်က အဆင့် နိမ့်လို့၊ လခ နည်းလို့ ကိုယ့်ထက် သာတဲ့သူက လာနိမ်တာကို မခံပါနဲ့။ ကိုယ်ကောင်းရင် ခေါင်းမရှော့ ပါဘူး။ ကိုယ့်ရဲ့ ရည်ရွယ်ချက် မျှော်လင့်ချက်ကို အပျက်ဆီး မခံပါနဲ့။ ကိုယ့်ရဲ့ လိုအပ်ချက် မှန်သမျှ သောက အားလုံးကို ဘုရားသခင်ဆီမှာ တိုင်ပင်ပါ၊ ဆုတောင်းပါ။ ဘုရားသခင်က ကျွန်မတို့ လိုအပ်နေတဲ့ အရာအားလုံးကို သူ့ အလိုတော်နဲ့ အညီ ဖြည့်ဆည်းပေးသူ ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ ရှိတဲ့ လူသား အားလုံးဟာ ရည်ရွယ် ချက် ပန်းတိုင် ကိုယ်စီ ရှိကြပါတယ်။ ကျွန်မတို့ ရဲ့ ရည်ရွယ် ချက် ပန်းတိုင်ကို ထာဝရဘုရားသခင်ရဲ့ အလိုတော် နှင့် အညီ ရောက်အောင် လျှောက်လှမ်းကြပါစို့။ ။ **ရှပ်ဆိုးမ**

**ထာဝရဘုရားကို မြော်လင့်သော သူတို့မူကား အားပြည့်ကြလိမ့်မည်။ ရွှေလင်းတ ကဲ့သို့ ဓိဓိတို့ အတောင်ကို အသစ်ဖြပြင်ကြလိမ့်မည်။ ပြေးသော်လည်း မပင်ပန်း။ ခရီးသွားသောအခါ မမောရကြ။ ယေရှာယ ၄၀း၃၁**

---

## ငါ့ထံသို့ လာ (မာရာနသာ နီနီခိုင်)

အရာခပ်သိမ်းကို ဖန်ဆင်းရှင်က "ငါ့ထံသို့လာ"လို့ ကျွန်ုပ်တို့ အားလုံးကိုခေါ်နေခြင်းဟာ ဘာ့ကြောင့်လဲ။ သူ ဖန်ဆင်းထားတဲ့ အရာ ကို လူတွေက ကြည့်ပြီး စံနစ်တကျနဲ့ လုလိုက်တာလို့ အချီးမွမ်း ခံချင်၍ ကျွန်ုပ်တို့ကို ခေါ်နေခြင်း မဟုတ်ပါဘူး။



လူသား အားလုံးရဲ့ အပြစ်ကြွေးအတွက် ကားတိုင် မှာ ပေးဆပ်ခဲ့တဲ့ သခင်ယေရှုဟာလည်း "ငါ့ထံသို့လာ" လို့ ခေါ်နေပါတယ်။ သူပေးဆပ်ခဲ့တဲ့ အပြစ်ကြွေးများအတွက် ပြုတော်မူသော အမှုကို ကျေးဇူးတော်ချီးမွမ်းရန် အတွက်လည်း ခေါ်နေခြင်း မဟုတ်ပါဘူး။

ဘာအတွက်ကြောင့်လဲ၊ "ငါ့ထံသို့လာ" လို့ ကျွန်ုပ်တို့ကို ခေါ်နေရ သလဲဆိုရင်တော့ နှုတ်ကပါတ်တော်က မဿဲ ၁၁း၂၈မှာ "ဝန်လေး၍ ပင်ပန်းသော သူအပေါင်းတို့ ငါ့ထံသို့ လာကြလော့၊ ငါသည် ချမ်းသာပေးမည်" လို့ ပြောထားပါတယ်။ လောကရဲ့ ဝန်ထုတ်ဝန်ပိုးများကို မနိုင်မနင်း သယ်နေရတာကို သနားတဲ့အတွက် ငါ့ထံသို့လာ၊ ငါကူသယ်ပေးမယ်။ သင်တို့ရဲ့ လေးလွန်းသော စိတ်၏ မချမ်းသာခြင်း၊ ပူပန်စိုးရိမ်မှုများ၊ စားဝတ်နေရေး၊ သားသမီး၊ ဇနီး ခင်ပွန်း၊ ခန္ဓာကိုယ်၏ မကျန်းမာခြင်း မှန်သမျှကို ကူ၍ သယ်ပေးချင်သောကြောင့် ခေါ်နေခြင်း ဖြစ်ပါတယ်။

လေးသော ဝန်ထုတ်များကို သခင်ယေရှုက ကူသယ်ပေးပြီး ကျွန်ုပ်တို့ရဲ့ ပူပန်မှု၊ နွမ်းနယ်မှု အလုံးစုံ ရှိသမျှကိုလဲ၊ ကြင်နာမှု အပြည့်နှင့် နှစ်သိမ့်ပေးချင်သောကြောင့် ခေါ်နေခြင်းဖြစ်ပါတယ်။ မနိုင်သော ဝန်များကို တင်၍ ထမ်းပြီး ဘုရားသခင်နဲ့ အဆက်အသွယ်ပြတ်သွားမှာစိုး၍ "ငါသည် ချမ်းသာပေးမည်" လို့ပြောနေပါတယ်။ ကျွန်ုပ်တို့ကောင်းကျိုး ချမ်းသာ၊ ခံစားရဖို့၊ စိတ်၏ ငြိမ်သက်ခြင်း၊ ကိုယ်၏ ကျန်းမာခြင်း အဖြာဖြာ ကြွယ်ဝစွာ ရရှိဖို့ ရန်အတွက် သခင်ယေရှု ဘာလုပ်ပေးခဲ့သလဲဆိုရင် **၂ကော ၈း၉၊ ငါတို့ သခင် ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း၊ ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ် ရှိစေခြင်းငှာ သင်တို့ အတွက်ကြောင့် ဆင်းရဲခြင်းကို ခံတော်မူသော ကျေးဇူး တော်ကို သင်တို့ သိကြ၏။** လို့ဆိုထားပါတယ်။

သခင်ယေရှုဟာ ကျွန်ုပ်တို့အတွက် အသက်ပေးရုံသာ မကဘဲ၊ သူတပါးရဲ့ မထီမဲ့မြင်ပြုခြင်း၊ ပါးရိုက်ပုတ်ခြင်း၊ ကဲ့ရဲ့ခြင်း၊ တစ်ကိုယ်လုံး ကြိမ်ဒဏ်ရာ၊ ဆူးရစ်သရဖူ ဒဏ်ရာ၊ နှင့် လက်ခြေတို့ မှ သံချက်ရာ ဒဏ်ရာများရဲ့ ဆင်းရဲခြင်းကို ခံခြင်းဖြင့် ကျွန်ုပ်တို့ စိတ်နှလုံး ငြိမ်သက် ချမ်းသာစေဖို့ ဖြစ်ပါတယ်။ မိတ်ဆွေ စိတ်ဆင်းရဲမှုနှင့် ကြုံတိုင်း မိတ်ဆွေ နှင့် အတူ ရှိပြီး သန့်ရှင်းသော ဝိညာဉ်တော်ဘုရားက နှစ်သိမ့်ပေးပါတယ်။

ကျွန်ုပ်တို့ ခံစားရတဲ့ ဆင်းရဲမှု မျိုးစုံနှင့် ဒဏ်ရာ ဒဏ်ချက်များကို သခင် ယေရှုက ဘာလုပ်ပေးအုံးမလဲဆိုရင် နှုတ်ကပါတ်တော်က ဆာလံ ၁၄၇း၃ မှာ စိတ်ကြေမွသော သူတို့ကို နှစ်သိမ့်စေ၍ သူတို့၏ အနာကို ကုတော်မူ၏။ လို့ဆို ထားပါတယ်။ ဒါ့ကြောင့် ငါ့ထံသို့ လာလို့ ဖိတ်ခေါ်နေခြင်း ဖြစ်ပါတယ်။

**မဿဲ ၁၁း၂၉ ငါ့ထမ်းပိုးကို တင်၍ ထမ်းကြလော့၊ ငါ့ထံ၌ နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့ နှိမ့်ချသော စိတ်သဘောရှိ၏။ သင်တို့ စိတ်နှလုံး သည် သက်သာခြင်းကို ရလိမ့်မည်။** ကျွန်ုပ်တို့ဟာ ဘာ့ကြောင့် ဝန်ထုတ် လေးနေသလဲဆိုရင် **ဗိ ၂း၂၁ လူခပ်သိမ်းတို့ သည်၊ ယေရှုခရစ်၏ အကျိုးကို မရှာ၊ ကိုယ် အကျိုးကိုသာ ရှာကြ၏။** လို့ ဆိုထားပါတယ်။ ဒါ့ကြောင့် ကျွန်ုပ်တို့ ထမ်းရတဲ့ ဝန် လေးနေခြင်း ဖြစ်ပါတယ်။ ထိုသခင်ယေရှုထံမှာ ချဉ်းကပ်ပြီး။ ပါသမျှ ဝန်ကို ချ၍ ထိုသခင် ကျင်လည် သလို ကျင်လည်မယ်ဆိုရင် **၂တိ ၂း၂၄ သခင်ဘုရား၏ ကျွန်သည် ရန်မတွေ့ရ၊ ခပ်သိမ်းသော သူတို့ အား ဖြည်းညှင်းစွာ ပြုသောသူ၊ ဆုံးမသြဝါဒ ပေးခြင်းအမှု၌ လိမ္မာသောသူ၊ သည်းခံနိုင်သောသူ ဖြစ်ရမည်။** လို့ ရေးသားထားပါတယ်။ သခင်ယေရှုက ငါ့ထံ၌ နည်းခံကြ လော့လို့ မှာထားပြီး၊ လူအချင်းချင်းထံ၌ နည်းခံကြ လော့လို့ မှာ မထားပါဘူး။

သခင်ယေရှု၌ နည်းခံသောသူကို သခင်ယေရှုနဲ့ တူအောင် သန့်ရှင်းသော ဝိညာဉ်တော် ဘုရားက ဆုံးမသွန်သင်ပါလိမ့်မယ်။

မိတ်ဆွေ ငြိမ်သက်ခြင်းကို ရဖို့ အတွက် လောကမှာရှိတဲ့ လူဆီမှာ ချဉ်းကပ်ရင်တော့ ငြိမ်သက်ခြင်းကို မရဘဲ သူ့ အပူ ကိုယ့်ဆီ ကူးလာမှာ ဖြစ်ပါတယ်။ အနူရောဂါက မကူးဘဲ၊ ဆင်းရဲတဲ့ ရောဂါကဘဲ ကူးတယ်လို့ လူကြီးတွေ ပြောလေ့ရှိပါတယ်။ ဒါ့ကြောင့် ဘယ်သူ့ဆီမှာ နည်းခံရမလဲဆိုရင် ငြိမ်သက်ခြင်းကို ပေးပိုင်တဲ့ သခင်ယေရှု ထံမှာ နည်းခံရမှာ ဖြစ်ပါတယ်။ **ဖိ ၄း၇ ။ အဘယ်သူမျှ ကြံ၍ မသိနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏ စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။**

**မဿဲ ၁၁း၃၀ ငါ့ထမ်းပိုးသည် ထမ်းလွယ်၏ ငါ့ဝန်လည်း ပေါ့၏။** သခင်ယေရှုက ကျွန်ုပ်တို့ ရဲ့ ဝန်ကို သူထမ်းသွားပေးပြီး၊ သူ့ရဲ့ ဝန်ကို လွယ်ကူစွာ ထမ်းစေလို၍ **ဓတိ ၆း၆ ရောင့်ရဲသော စိတ်ပါလျှင် ဘုရားဝတ်၌ မွေ့လျော်ခြင်း သည် ကြီးစွာသော အကျိုးစီးပွား မှန်၏။**

ရောင့်ရဲသော စိတ်နှင့် ဘုရားသခင်ထံ၌ အကျွမ်း ဝင်၍ မိတ်သဟာယ ဖွဲ့နိုင်ဖို့ရန်အတွက် ထိုသခင်က "ငါ့ထံသို့လာ" လို့ခေါ်နေခြင်း ဖြစ်ပြီး ပူပန်မှုနှင့် ခက်ခဲမှုများသည်။ အရည်ပျော်သွားလိမ့်မည်။ ယေရှု၏ အောင်မြင် ခြင်းကြောင့် ဖြစ်ပါတယ်။ ။ **မာရာနသာ နီနီခိုင်**

---

## အားငယ်သူကို အားဖြည့်သူ (သမီးငယ်)

ဘုရားရှင်၏ ကြီးမြတ်တော်မူကြောင်းကို ကျွန်မ သက်သေခံချင်ပါသည်၊ ကျွန်မသည် အစိုးရဝန်ထမ်း မိဘနှစ်ဦးမှ မွေးဖွား လာခဲ့ပြီး တောရွာလေး တစ်ရွာတွင် ကြီးပြင်းခဲ့သည်။

ဘုရားသခင်၏ မစ လမ်းဖွင့်ပေးမှုဖြင့် ကျွန်မ စင်္ကာပူသို့ လာရောက်ပညာ သင်ခွင့် ရခဲ့ပါသည်။ ကျွန်မ ပညာသင်စဉ် ကာလ တစ်လျှောက်လုံး ဘုရား သခင်ရဲ့ ချစ်ခြင်း ကရုဏာများကို နေ့စဉ်နေ့တိုင်း အစဉ် တိုးတက်လျှက် ခံစား နေရပါသည်၊ ကျေးဇူးတော်ကြောင့် ကျွန်မ **Accounting Course** ကိုတက်ခွင့် ရခဲ့သည်၊ **Computer based** စဖြေသော နေ့ မှာပင် နှစ်ဘာသာ ဖြေရာ၊ တစ်ဘာသာ ကျရှုံးခဲ့ပါသည်၊



ပထမဆုံး ဖြေဆိုသော စာမေးပွဲကို ရှုံးခဲ့သောကြောင့် ကျွန်မ အလူးအလဲ ခံစားခဲ့ရပါသည်။ နောက်ထပ် (၃) ဘာသာ ထပ်ဖြေသောအခါ တစ် ဘာသာ ကျပြန်သည်၊

**CAT** ဆိုသော **Certificate** ရရန် **Student Pass** မှာ တစ် နှစ်သာ ရပါသည်၊ အချိန်မှီ ၁ နှစ်အတွင်း မအောင်မြင်လျှင် ကျောင်းသားကဒ် သက်တမ်း တိုးရန် ကျောင်းထပ်အပ်ရန် ငွေထပ်ကုန်မည်ကို ကျွန်မ အလွန်ပင်သောက ရောက်ခဲ့ရသည်၊ အဒေါ်နှင့် ဦးလေးတို့၏ ထောက်ပံ့မှုဖြင့် လာရောက်ရသဖြင့် သူတို့အား ပူပင်သောက မရောက်စေချင်ပါ၊ သည်ကြားတွင် အချို့အချို့သော သူများ၏ လှောင်ပြောင်မှုများ အထင်သေးမှုများကိုလည်း ကြိတ်မှိတ်ခံစားခဲ့ရပါသည်၊

**CAT** ပြီးရန် ၉ ဘာသာ အောင်မြင်ရမည်ဖြစ်သည်၊ အတွေ့ အကြုံမရှိသေးသည်က တကြောင်း **English** အားနည်းသည်က တကြောင်း ကျွန်မ အလူးအလဲ ကြိုးစားခဲ့ရသည်၊ ဘုရားရှင်ထံတွင်လည်း အကြိမ်ကြိမ် ဒူးထောက်ဆုတောင်းခဲ့ရသည်မှာလည်း မရေတွက်နိုင်ပါ၊ ဘုရားရှင် ကျေးဇူးတော်ကြောင့် တစ်နှစ် အတွင်းတွင် ၉ ဘာသာစလုံးကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

ကိုယ့်အကြောင်း ကိုယ်သိ စကားပုံအတိုင်း ကျွန်မ အကြောင်း ကျွန်မသာသိသည်။ ကျွန်မသည် ဉာဏ်ရည်ထက်မြက်လွန်းသူ မဟုတ်ပါ၊ သို့သော် ဘုရားရှင်သည် ကျွန်မအား ပူပင်သောကမှ များကြားမှ လွတ်ကင်းစေခဲ့ပြီး အောင်မြင်မှုကို ပေးခဲ့ပါသည်။

ကျွန်မအား ကိုယ်တော်ရှင် မစ။ ကူညီ။ လမ်းပြ ပေးနေမြဲဖြစ်ပါသည်၊ ယခု ဆက်လက်ပြီး **ACCA** ကို တက်ရောက်ခွင့်ရခဲ့ပါသည်၊ ကျွန်မ ဆက်လက်ပြီး ကိုယ်တော်ရှင်နှင့်အတူ လျှောက်လှမ်း အသက်ရှင် သွားရမည်။

ကျွန်မ မောပန်းနွမ်းနယ်လျှက် မျှော်လင့်ချက် ကင်းမဲ့ကာ အားလျော့နေချိန်တွင် ဘုရားရှင်က ကျွန်မကို အချိန်မှီ ကယ်တင် မစ ခဲ့ပါသည်၊ ဘုရားသခင်သည် ကျွန်မ ဘဝ၏ 'အစ' လည်းဖြစ်သည်။ 'အဆုံး' လည်း ဖြစ်သည်။ အားငယ်သူကို အစဉ်အမြဲ အားဖြည့်ပေးနေသော ဘုရားလည်း ဖြစ်ပါသည်၊ ထာဝရ ဘုရားသခင်၏ နာမတော်အား ရှိသေ လေးမြတ်ခြင်း ရှိပါစေသော်။ အာမင် ။ ။ **သမီးငယ်**

## *ငါဆိုတဲ့ငါ*

ဩော် ... ခြောက်ရက် ကုန်လို့ ခုနှစ်ရက်မြောက် တနင်္ဂနွေနေ့ကို ရောက်လို့ လာပြန်ပြီ ။

ငါ ... ငါ ဆို တဲ့ ငါ ... တနင်္ဂနွေရောက်လို့ ဘုရားကျောင်းမှ မတက်ရ ရင် နေမထိ ထိုင်မသာ ရင်ထဲမှာ ဟာတာတာနဲ့ ဝိညာဉ်ရေးမှာ အားနည်း သွား သလိုလို၊ အဲဒီနေ့များ အလုပ်ဆင်းလိုက်ရရင် ရင်ထဲမှာ ငိုကြွေးမိတာ အကြိမ်ကြိမ်၊ လောကကြီးကို မုန်းမိတာလဲ အခါခါဘဲ။

တနင်္ဂနွေ ရောက်လို့ ဘုရားကျောင်းတက်ရရင်လဲ မျက်လုံး နှစ်လုံး စုံမှိတ် မိလို့ အာရုံပြုပြီး တရားနာသလိုနဲ့ ကာယခွန်အား အပြတ်ယူမိတာလဲ ငါဆိုတဲ့ ငါ ပါဘဲ။

ဒီတစ်ပတ်လဲ ခွင့်ရက်ရလို့ ဝမ်းသာအားရ တစ်နေကုန် ဘုရားကျောင်း တက်မယ် လို့ အပြတ်ဟစ်ကြွေး ပစ်လိုက်တာလဲ ငါဆိုတဲ့ငါပါဘဲ။

လှတပတ အလှတွေပြင်၊ စကတ်အသစ်ကလေး ထုတ်ပြီးဝတ်လို့ ဘုရားကျောင်း မသွားခင် အလှတွေပြင်နေတာလဲ ငါ ဆိုတဲ့ ငါပါဘဲ။

**Taxi** ပေါ်တက် ထိုင်လိုက်မိမှ စကတ်က ပေါင်လယ်တည့် အလယ်က ခွဲကြောင်း မြင်မှ မကောင်း ဖြစ်နေတာလဲ ငါ ဆိုတဲ့ ငါ ပါဘဲ။

ဩော် မဖြစ်ချေဘူး၊ ဘုရားကျောင်း ရောက်ရင် နောက်ဆုံးခုံမှာ ထိုင်မှ ဖြစ်မယ်။ နောက်ဆုံး ခုံမရ၊ ရှေ့ဆုံးက ခုံထိုင်လိုက်မိမှ ကိုယ့်ကိုကိုယ် မလုံ၊ တရား ဟော စင်က ဆရာကပဲ ဆုံးမနေသလိုလို၊ **Choir** ခုံက လူကြီးတွေကပဲ ရှုံ့ချ နေသလိုလို။

အဲ သလိုလိုနဲ့ စိတ်က မလုံ၊ အာရုံက နောက်၊ အပြင်ထွက်မှ ဖြစ်မယ်။ စိတ်က နှိုးဆော်၊ စိတ်နောက် ကိုယ်ပါ အပြင်ရောက်မှ ကိုယ်လက်ပေါ့ပါး သက်ပြင်း အခါခါချ နောင်တရခဲ့မိတာလဲ – ငါ ဆို တဲ့ ၊ ငါ ပါ ဘဲ။

ပြန် ဝင်မရ၊ ထိုင်မရနဲ့ မထူးချေဘူး၊ နောက်ကြောင်းပြန်လှည့်၊ ဩော် ကုန် သွားပြန်ပြီ။ တစ်ပါတ်တာ ... ဩော် ငါ ဆို တဲ့ ငါ ...။ ။ **ဲပို**

---

## ဘုရားသခင်ကို အသက်တာဆက်ကပ်ခြင်း (ခနိခရှူး)

**ဖတ်ရန်ကျမ်းချက်။ ရော၊၁၂း၁-၂။ သော့ချက်ကျမ်း။ ရော၊၁၂း၁။**

ခရစ်တော်ထဲ၌ ဘုရားက ကျွန်ုပ်တို့အတွက် ပြုလုပ်ပေးခဲ့သော အံ့ဘွယ်သော အရာများကို လေ့လာခဲ့ပြီး ဖြစ်သည်။ ခရစ်တော်ထဲ၌ မှောင်မိုက် နိုင်ငံမှ လွတ်မြောက်စေသည်သာမက အပြစ်တန်ခိုး၊ ဇာတိ၊ လောကနှင့် စာတန် ချည်နှောင်ခြင်းများမှလည်း လွတ်မြောက်စေခဲ့ပြီ။ ခရစ်တော် ကိုယ်တိုင် ပြန်လာ၍ ကျွန်ုပ်တို့နှင့်အတူ ရှိခြင်းအားဖြင့် ပညတ်တရားက တောင်းဆိုသော ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့ ကျင့်နိုင်ရန် ပြုလုပ်ပေးပါ သည်။



ဤအံ့သြဘွယ်အရာများ အားလုံးကို ဘုရား၏ ကျေးဇူးတော် အားဖြင့် ဖြစ်သည်။ သေခြင်းမှ တပါး ကျွန်ုပ်တို့ ဘာမျှ မထိုက်တန်ပါ။ ဘုရားက ကျွန်ုပ်တို့အပေါ် ကြီးစွာသော ကောင်းကြီးများကို အခမဲ့ ပေးသနား ခြင်း ဖြစ်သည်။ ယခု ဘုရားသခင် သည် သူ့အတွက် တစုံတခု ပြုလုပ်ပေးရန် ကျွန်ုပ်တို့ အား ပြောနေပါသည်။

*ဘာကို ပြုလုပ်ပေးရန် ကျွန်ုပ်အား၊ ပြောနေပါသနည်း။*

သူ့ကို ကျွန်ုပ်တို့ဆက်ကပ်ရန် ပြောနေပါ သည်။ ဘုရားက သူ့ကျွန် ပေါလု အားဖြင့် ပြောနေခြင်းကို ကြားနာကြပါစို့။ (ရော၊၁၂း၁)

*ဆက်ကပ်ခြင်းကားအဘယ်နည်း။*

အခြေခံကဘာလဲ။ ဆက်ကပ်ခြင်း၏ အဖြေကား ဘာလဲ။ ဤ မေး ခွန်း များသည် အရေးကြီးပါသည်။ လေ့လာရင်း အဖြေရှာကြမည်။

*ဆက်ကပ်ခြင်း၏အဓိပ္ပါယ်။*

ဆက်ကပ်ခြင်းသည် မိမိ၏ အလိုဆန္ဒအစား မိမိ အသက်တာကို ဘုရား၏ အလိုဆောင်ရန် ပေးခြင်းဖြစ်သည်။ မိမိ၏ကိုယ်ကို အသက်ရှင်သော ယဇ်အဖြစ် တင်ဆက်ခြင်းဖြစ်သည်။

ဓမ္မဟောင်းကာလ၊ ဘုရားသခင်အား ပူဇော်သော ယဇ်သည် အသေ ကောင် ယဇ် ဖြစ်သည်။ ကျွန်ုပ်တို့ကို ပလ္လင်ပေါ်တင်လျှက် အသေခံ ယဇ် ပြုရန် မတောင်းဆိုပါ။ သို့သော် <u>အသက်ရှင်သောယဇ်</u> အဖြစ် ပြုရန် ဖြစ်သည်။ အဓိပ္ပါယ်မှာ သူ့အတွက် အသက်ရှင်ဘို့ရန် အလိုရှိသည်။

ဓမ္မဟောင်းခေတ်ယဇ်သည် သခင်ယေရှု၏ ပုံရိပ် ဖြစ်သည်။ ဥပမာ – သိုးတကောင်ဖြင့် အပြစ်ဖြေရာယဇ်သည် ခရစ်တော်က ကျွန်ုပ်တို့၏ ဒုစရိုက် အပြစ်များအတွက်လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်း၏ပုံရိပ် ဖြစ်သည်။ အပြစ်နှင့် မဆိုင်ဘဲ အခြားသောယဇ် တခုမှာ မီးရှို့ရာယဇ် ဖြစ်သည်။

*မီးရှို့ ရာယဇ်*

မီးရှို့ရာယဇ်သည် ဘာကို ကိုယ်စားပြုပါသနည်း။ သခင်ယေရှုသည် မိမိ၏ အသက်တာကို ခမည်းတော်၏ အလိုတော်ကိုဆောင်ရန် ပေးအပ်ခြင်း ဖြစ်သည်။ ဤဆက်ကပ်ခြင်းသည် ဘုရားအဘို့ အလွန်မှ တန်ဘိုးရှိပြီ၊ ဤ ဆက်ကပ်ခြင်းနှင့် ပတ်သက်၍များစွာ သင်ယူနိုင်သည်။

*ဆက်ကပ်ခြင်းသည် မိမိ၏ စိတ်ဆန္ဒအလိုအလျောက် ဖြစ်သည်။*

မီးရှို့ရာယဇ်နှင့် စပ်လျှင်း၍ ကျမ်းစာ၌ "သင်တို့တွင် တစုံတယောက် သောသူသည် ထာဝရဘုရားအား ပူဇော်သက္ကာ ပြုလိုလျှင်"(ဝတ်၊၁း၂)။ ပူဇော် ခြင်းသည် "ထာဝရဘုရားအား" အလိုအလျောက် ပူဇော်ခြင်း ဖြစ်ရပေ မည်။ ကျွန်ုပ်၏ အသက်တာကို မပြုမနေရ ဆက်ကပ်ရန် မဟုတ်ပါ။ သူက "တိုက်တွန်း နှိုးဆော်ခြင်း"သာ ဖြစ်သည်။ ဘုရားသခင်က သူ့ကို ချစ်လျှက်၊ သူ့အား အစေခံလိုခြင်းကိုသာ အလိုရှိပါသည်။

*ဆက်ကပ်ခြင်းသည်ထာဝရဘုရားအဘို့*

ဆက်ကပ်ခြင်း ပြုရာတွင် တရားဟောဆရာ(သို့) သာသနာပြုဆရာ တစ်ယောက် ဖြစ်လာရန် အသက်တာပေးခြင်းကို ဆိုလိုပါသလား။ ထိုသို့ မဟုတ်ပါ။ ကျွန်ုပ်သည် အိမ်၌၄င်း၊ ကျောင်း၌၄င်း၊ အလုပ်၌၄င်း ဘုရားက ထားသောနေရာ၌ သူ၏အလိုကို လုပ်ဆောင်ရန်ဖြစ်သည်။ ထာဝရဘုရားအဘို့ ဆက်ကပ်ခြင်း ဖြစ်သည်။ ဘုရားသခင်ကသာ ကျွန်ုပ်ကို ဘာလုပ် သင့်သည်နှင့် ဘယ်နေရာမှာ လုပ်ရမည်ကို ဆုံးဖြတ်ပေးပါသည်။ သူသည် ကျွန်ုပ်အတွက် ရွေးချယ်ပေးသောအရာများသည် ကျွန်ုပ်အတွက် အကောင်းဆုံး ဖြစ်ကြောင်း စိတ်ချနိုင်ပါသည်။

*ထာဝရဘုရားအားဆက်ကပ်ခြင်းသည်အသက်တာတခုလုံးဖြစ်သည်။*

မီးရှို့ ရာယဇ် ပြုရာတွင် ဘုရားက ခွင့်ပြုသော အကောင် လေးမျိုး သာဖြစ်သည်။ ချမ်းသာသောသူများသည် နွားထီးကို၄င်း၊ အလယ်အလတ် ချမ်းသာသူများက သိုးထီးကို၄င်း၊ ထိုအရာများကို မတတ်နိုင်သူများက ချိုး တစ်ကောင်(သို့) ခိုတစ်ကောင်ကို ယူလာရ၏။ ပူဇော်မှုတခုစီတိုင်း၌ တစ်ကောင်လုံးကို ပူဇော်ခြင်းဖြစ်သည်။ ဤထက် လျော့နည်းသော အရာများ ကို ဘုရားက လက်မခံပါ။

ဤပူဇော်ခြင်းများက ထာဝရဘုရားအား ပူဇော်ခြင်းသည် အသက် တာ တစ်ခုလုံး ဖြစ်ကြောင်းကို ပြောနေခြင်း ဖြစ်သည်။ အသက်တာ၏ အပိုင်းတပိုင်းကိုသာ ဘုရားအားပေးခြင်းနှင့် ကျန်သောအပိုင်းကို ကိုယ့်အဘို့ ထားရှိခြင်းကို ကျွန်ုပ်တို့ မပြုလုပ်နိုင်ပါ။ ဤသို့ ပြုလုပ်ခြင်းက ဘုရား၏ စိတ်တော်နှင့် မတွေ့နိုင်သလို ကျွန်ုပ်တို့လည်း စိတ်ကျေနပ်ခြင်းကို ရမည် မဟုတ်ပါ။ ခရစ်ယာန်အသက်တာ၏ အလုံးစုံသော ဝမ်းမြောက်ခြင်းနှင့် ကောင်းကြီး မင်္ဂလာ အပေါင်းသည် ဘုရားသခင်အား ထိန်ချန်ခြင်း လုံးဝ မရှိဘဲ၊ အားလုံးပေးအပ်ခြင်း အပေါ်၌ တည်ပါသည်။

*ဆက်ကပ်ခြင်းသည်နောက်ဆုံးအကြိမ်နှင့်အပြီးဖြစ်သည်။*

ယဇ်ကောင်ကို ယဇ်ပလ္လင်ပေါ် ထာဝရဘုရားအား ပူဇော်ခြင်း ပြုရန် တကြိမ် ထားရှိခြင်းဖြင့် နောက်တဖန် အောက်သို့ ပြန်ချခြင်းကို မပြုလုပ်ပါ။ ထာဝရဘုရားအဘို့ သန့်ရှင်းပြီးဖြစ်သည်။ "ကျိန်ဆို၍ ပူဇော်သမျှတို့သည် ထာဝရ ဘုရားအား အလွန် သန့်ရှင်းရမည်။" (ဝတ်၊၂၇း၂၈)

တကြိမ်တည်းနှင့် အသက်တာကို ဘုရားသခင်အဘို့ ဆက်ကပ်ပြီး ဖြစ်၍ တဖန်ပြန်၍ မဆက်ကပ်မှုမျိုး ပြုလုပ်၍ မရနိုင်တော့ပါ။ ဘုရားက သူ့အား အသက်တာ ဆက်ကပ်ခြင်းကိုပြုလုပ်ခြင်းသည် တကြိမ်နှင့် အပြီးဟု မှတ်ယူပါသည်။

ဆက်ကပ်ပြီးနောက်၊ အပြစ်ထဲသို့ ကျရောက်သောအခါ ဘာဖြစ် မည်နည်း။ နောက်တကြိမ် ပြန်၍ ဆက်ကပ်ရန်ပြုလုပ်ရမည်လား။ ပြုလုပ်စရာ မလိုပါ။ အပြစ်ကို ပြုခဲ့သော် ထိုအပြစ်ကို ဘုရားသခင်အား ဖေါ်ပြဝန်ချလျက် တကြိမ်ပြန်လည်၍ ယခင်ကဲ့သို့ ဝမ်းမြောက်စွာ ဘုရားသခင်နှင့်မိသဟာယ ပြန်လည် ရရှိပေသည်။ ဘုရားသခင်အား ဆက်ကပ်ထားပြီဖြစ်၍ နောက် တဖန်ပြန်လည် ဆက်ကပ်ရန် မလိုအပ်တော့ပါ။

*ဆက်ကပ်ခြင်းသည်အဆက်မပြတ်တလျှောက်လုံးဖြစ်သည်။*

မီးရှို့ရာယဇ် ပူဇော်ခြင်းသည် နံနက်တိုင်း၊ ညနေတိုင်းဖြစ်သည်။ နေ့တိုင်း အဆက်မပြတ်ဖြစ်သည်။ ဤအရာက ဘာကို ဆိုလိုသနည်း။

ဤအရာက ကျွန်ုပ်တို့၏ ဆက်ကပ်ခြင်းသည် အဆက်မပြတ် တသမတ်တည်း ဖြစ်ရမည်။ ကျွန်ုပ်၏ ဆက်ကပ်ခြင်းသည် ဆက်ကပ်ချိန်မှ အစပြုပြီး၊ ထိုနေရာ၌ မပြီးသွားပါ။ ဆက်ကပ်သည်အတိုင်း အသက်ရှင် ရပေ

မည်။ နေ့တိုင်း ကိုယ်အလိုဆန္ဒ အစား ဘုရားသခင်၏ အလိုကို လုပ်ဆောင်ရန် ပေးအပ်ခြင်း ဖြစ်သည်။ သခင်ယေရှုက "ငါ၌ ဆည်းကပ် လိုသောသူ ဖြစ်လျှင် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ် လက်ဝါး ကပ်တိုင်ကို နေ့တိုင်းထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။"(လု၊၉း၂၃)

ဘာကြောင့် ကျွန်ုပ်သည် ဘုရားသခင်အား ဆက်ကပ်သင့်ပါသနည်း။ ကျွန်ုပ်ကို သူပိုင်သောကြောင့်ဖြစ်သည်။ ကျမ်းစာက " သင်တို့ကိုယ်ခန္ဓာသည်... သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုငှင်း၊ မိမိတို့ကို မိမိတို့ မပိုင်ကြောင်းကိုငှင်း၊ မသိကြသလော။ သင်တို့သည် အဘိုးနှင့် ဝယ်တော်မူသောသူ ဖြစ်သောကြောင့်..." (၁ကော၊၆း၁၉–၂၀) "... အသက်ရှင်သည် ဖြစ်စေ၊ သေသည် ဖြစ်စေ၊ သခင်ဘုရား ဆိုင်တော်မူ၏။" (ရော၊ ၁၄း၈)

ဤကျမ်းချက်များက မိမိကိုယ်မိမိ မပိုင်ကြောင်းနှင့် ထာဝရဘုရားသည် ပိုင်တော်မူသည်။ ကျွန်ုပ်တို့ကို အသွေးနှင့် ဝယ်ခဲ့ပြီး ဖြစ်သည်ကို မီးမောင်း ထိုးပြနေပါသည်။ သခင်ယေရှု၏ အသွေးတော်နှင့် ဝယ်ခဲ့ခြင်း ဖြစ်သည်။ ကျမ်းစာ၌ "... ရွှေငွေအစရှိသော ဖေါက်ပြန်ပျက်စီးတတ်သော ဥစ္စာနှင့် သင်တို့ကို ရွေးတော်မူသည်မဟုတ်။ အဘယ် အပြစ်မျှမရှိ၊ အညစ်အကြေးနှင့် ကင်းစင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော်၏ အသွေး တော်မြတ်နှင့် ရွေးတော်မူသည်ကို သိမှတ်ကြလော့။" (၁ပေ၊၁း၁၈–၁၉) ဟုဆိုထားပါသည်။

သခင်ယေရှုသည် ကျွန်ုပ်ကိုရွေးခဲ့၏။ သူသည် သခင်ဖြစ်သည်။ သူသည် ကျွန်ုပ်ကိုပိုင်သည်။ ကျွန်ုပ်ကို ပိုင်ဆိုင်ချိန်မှစ၍ သူ့ကို ကျွန်ုပ် ပေးဆက် ရပေမည်။ ကျွန်ုပ်ကို ပိုင်ပါသလား၊ မေးရန်မဟုတ်ပါ။ ကျွန်ုပ်ကို သူပိုင်ဆိုင် ခဲ့ခြင်း ကြောင့် ကျွန်ုပ်က ဘာပြန်ပေးခဲ့ပြီးလဲ။


ဆက်ကပ်ခြင်းသည် ခရစ်တော်သည် ပိုင်ရှင်ဖြစ်ကြောင်းကို သိမှတ်ခြင်း ဖြစ်သည်။ "ကိုယ်တော်သည် ကျွန်ုပ်အား ပိုင်ခွင့်ရှိပြီး၊ ကျွန်ုပ်သည် ရွေးချယ် ခြင်းဖြင့် ကိုယ်တော်ပိုင်သောသူ ဖြစ်ချင်ပါသည်။" ကျမ်းစာ၌ အသစ်မွေးဘွားခြင်းခံပြီးသူတိုင်း"ဆက်ကပ်ခြင်းကိုပြုအပ်သောဝတ်"ဟုရှင်းလင်းစွာ ပြောထား ပါသည်။

*ဆက်ကပ်ခြင်း၏အရင်းခံအကြောင်းအရာ။*

ခရစ်တော်၏ ချစ်ခြင်းမေတ္တာက ဆက်ကပ်ခြင်းကို ဖြစ်စေသည်။ ကျမ်းစာက "ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်သည် ငါတို့ကို အနိုင်အထက် သွေးဆောင်၏။" (၂ကော၊၅း၁၅)ဟု ဆိုထားပါသည်။ ခရစ်တော်၏ ချစ်ခြင်းက နှလုံးသားကို တို့ထိသောအခါ ကျွန်ုပ် မတတ်နိုင်သော်လည်း ကျွန်ုပ်တွင် ရှိသော အရာအားလုံးကို သူ့အား ပေးအပ်ရန် သူ၏ ရေ့မှောက် ဒူးထောက်စေပါသည်။

*ဆက်ကပ်ခြင်း၏ရည်ရွယ်ချက်။*

ဘုရားသခင်၏ အလိုတော်ကို ကျွန်ုပ်၏ အသက်တာ၌ လုပ်ဆောင်ရန်ဖြစ်သည်။ ကျွန်ုပ်၏အထဲ၌ ဘုရား၏ အလိုကို သခင်ယေရှုက အမှန်လုပ်ဆောင်ပေးပါသည်။ "ငြိမ်သက်ခြင်း၏ အရှင် ဘုရားသခင်သည်၊ မိမိ နှစ်သက်တော်မူသော အမှုအရာကို ယေရှုခရစ်အားဖြင့် သင်တို့၌ ပြုတော်မူ၍၊ သင်တို့သည် အလိုတော်သို့ လိုက်မည်အကြောင်း၊ ကောင်းသော အကျင့် အမျိုးမျိုး၌ သင်တို့ကို ပြုပြင်ပါစေသော။" (ဟေဗြ၊ ၁၃း ၂၀–၂၁) သခင်ယေရှုသည် မြေကြီးပေါ်ရှိခဲ့စဉ် ခမည်းတော်၏ အလိုကိုသာ ဆောင်ခဲ့ကြောင်း ခရစ်ဝင်ကျမ်းများက ပြောပါသည်။ တမန်တော် ဝတ္ထု၌လည်း တမန်တော်များနှင့် တပည့်တော်များ အားဖြင့် ခမည်း တော်၏ အလိုကို ဆက်လက် လုပ်ဆောင်ပါသည်။ ယနေ့ ဘုရားသခင်၏ အလို တော်ကို ကျွန်ုပ်တို့အားဖြင့် လုပ် ဆောင်လိုသည်။ ထိုသို့ လုပ်ဆောင်ရန် ကျွန်ုပ်တို့ ကိုယ် ခန္ဓာကို အသက်ရှင်သော ယဇ်အဖြစ် ပေးအပ်ရန် ကျွန်ုပ် တို့ကို သူလိုအပ်သည်။ ကျွန်ုပ်တို့၏ လက်များ၊ ခြေများနှင့် နှုတ်များကို အသုံးပြုရန် သခင်သည် အလိုရှိသည်။



ကျမ်းစာ၌ "ညီအစ်ကိုတို့ ၊ အသက်ရှင်ခြင်း လက္ခဏာ၊ သန့်ရှင်းခြင်း လက္ခဏာ၊ ဘုရားသခင် နှစ်သက် တော်မူဘွယ်သော လက္ခဏာနှင့် ပြည့်စုံသော ယဇ်ကို သင်တို့သည် ပူဇော်၍၊ မိမိ ကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်း တည်းဟူသော သင်တို့ ပြုအပ်သော ဝတ်ကို ပြုမည် အကြောင်း၊ ဘုရားသခင်၏ ကရုဏာ တော်ကို ထောက်ထား၍၊ သင်တို့ကို ငါ တိုက်တွန်းနှိုးဆော် ပေ၏။" (ရော၊ ၁၂း၁) လို့ တိုက်တွန်းထားပါတယ်။။ အသက်တာကို လုံးလုံး ပေးအပ်ပါက သူ၌ ခမည်းတော်သည် လုပ်ဆောင် သကဲ့သို့ ကျွန်ုပ်တို့အားဖြင့် သူက လုပ်ဆောင်ပေမည်။

*ဘယ်ကဲ့သို့ဆက်ကပ်မည်နည်း။*

"သေခြင်းမှ ထမြောက် အသက်ရှင်သော သူကဲ့သို့" ဘုရားထံ ဆက်ကပ် ရပေမည်။ အတ္တ အသက်တာဟောင်းနှင့် ဆက်ကပ်ရန် ဘုရားသခင် အလိုမရှိပေ။ ခရစ်တော်၌ အသက်တာသစ်ဖြင့်သာ ဘုရားက သူ့အား ပေးရန် အလိုရှိသည်။ "... သေခြင်းမှ ထမြောက်၍ အသက်ရှင်သော သူကဲ့သို့၊ ဘုရားသခင်အား ကိုယ်ကိုကိုယ် ဆက်ကြလော့။" (ရော၊၆း၁၃) ဘုရားက အသက်တာဟောင်းကို အသုံးမပြုနိုင်ပါ။ "သေခြင်းမှ အသက်ရှင်သောသူ"များသာ အစေခံ နိုင်ပါသည်။ ငါသည် ခရစ်တော်နှင့်အတူ အသေခံခြင်း၊ သူနှင့်အတူ သင်္ဂြိုလ်ခြင်းနှင့် တဖန်သူနှင့်အတူ ထမြောက်ခြင်းကို မြင်လာမှ သာလျှင် ကျွန်ုပ်၏ အသက်တာကို အမှန်တကယ်၊ ဆက်ကပ် နိုင်ပေလိမ့်မည်။

*ဆက်ကပ်ခြင်း၏အကျိုး။*

မိမိ၏ အကြံအစည်၊ ဝါသနာနှင့် အလိုဆန္ဒများကို သေစေပြီး၊ ဘုရားသခင်၏ အလိုကိုသာ လုပ်ဆောင်ရန် အသက်ရှင်ခြင်းဖြစ်သည်။ သခင်ယေရှုသည် ပုံစံနမူနာ ဖြစ်သည်။ သူသည် လူ၏ အမြင်၌ ကြီးမြတ်သူ တစ်ယောက်(သို့) သူ၏အလိုကို လုပ်ဆောင်ရန် ဤလောကသို့ ကြွဆင်းလာခဲ့ခြင်း မဟုတ်ပါ။ ခမည်းတော်၏အလိုကို ဆောင်ရန်ဖြစ်သည်။ သူသည် ဘုရား ဖြစ်တော်မူသည်။ သို့သော်နှိမ့်ချလျှက် အစေခံကျွန်၏ သဏ္ဌာန်ကို ခံယူခဲ့ပြီး၊ ကါးတိုင်သို့တိုင်အောင် အသေခံကာ ခမည်းတော်၏ အလိုကို ဆောင်ကာ နာခံခဲ့ပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့အား "ယေရှုခရစ် ၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။" (ဖိ၊၂း၅) ဟု ဆိုထားပါသည်။

သင်သည် ဆက်ကပ်ခဲ့သော် နာမည်ကျော် တရားဟော ဆရာတဦး(သို့) ဧဝံဂေလိတဦး ဖြစ်လာလိမ့်မယ်ဟု မထင်ပါနှင့်။ ကယ်တင်ရှင်သခင်ကိုယ်တိုင် အထင်သေးခံရခြင်းနှင့် ငြင်းပယ်ခြင်းကို ခံခဲ့ရပါသည်။ ကျွန်ုပ် တို့သည် သူ၏ အစေခံများဖြစ်သည်။ ကျမ်းစာက "... ကျွန်သည် သခင်ထက် သာ၍ ကြီးမြတ်သည်မဟုတ်။ တမန်သည်လည်း စေလွှတ်သောသူထက် သာ၍ ကြီးမြတ်သည်မဟုတ်။" (ယော၊၁၃း၁၆) လူ၏ အမြင်၌ မကြီး မြတ်သော်လည်း ဆက်ကပ်ခြင်း၌ ကောင်းကြီးများစွာ ရှိပါသည်။

ဆက်ကပ်ခြင်း၏ ကောင်းကြီးကား အသက်တာ၌ ဘုရားသခင်၏ ပြည့်စုံသော အလိုတော်ကို၊ တွေ့ရှိခြင်းဖြစ်သည်။ ဘုရားသခင်၌ သူ၏ သားသမီးတိုင်းအတွက် အလုပ်ရှိပေသည်။ "အဘယ်ကြောင့်နည်း ဟူမူကား၊ ငါတို့သည် ကောင်းသောအကျင့်ကို ကျင့်ရမည်အကြောင်း၊ ယေရှုခရစ်၌ ပြုပြင်၍ ဖန်ဆင်းတော်မူရာ ဖြစ်ကြ၏။ ထိုကောင်းသော အကျင့်တို့၌ ငါတို့သည် ကျင်လည်ရမည် အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို ပြင်ဆင်တော်မူနှင့်ပြီ။" (ဧ၊၂း၁၀) အသက်တာကို ဆက်ကပ်သောအခါ ကျွန်ုပ်တို့အတွက် အလုပ်ကို ဖေါ်ပြပေမည်။

အသက်တာ၌ ဘုရား၏ အလိုတော်ကို တွေ့ရှိပြီး လုပ်ဆောင်သောအခါ ကြီးစွာသော ကျေနပ်ခြင်းကို ရရှိလာပေမည်။ ဘုန်းတော်ထဲ၌ သခင်ယေရှုနှင့် ဝမ်းမြောက်ခြင်း၌ တွေ့ဆုံချိန်ခါ၊ သူပြောမည့် စကားကို စဉ်းစားသော် "အရှင်ကလည်း၊ သာဓု သစ္စာရှိသော ငယ်သား ကောင်း၊ သင်သည် အမှုငယ်၌ သစ္စာစောင့်လေပြီ။ များစွာသော အမှုအခွင့်ကို သင်၌ ငါအပ်ပေးမည်။ သင်၏ သခင်နှင့်အတူ စည်းစိမ်ကို ဝင်စား လော့ဟု မိန့်တော်မူ၏။" (မ၊၂၅း၂၁)

ဘုရားသခင်က ကျွန်ုပ်တို့၏ ခန္ဓာကို အသက်ရှင် သောယဇ် အဖြစ် ပေးဆက်ရန် ပြောနေပါသည်။ ဤအရာအတွက် အစားထိုးရန် အခြား မရှိပါ။

ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ခရစ်ယာန်ဆိုင်ရာ အလုပ်များကို လုပ်ခြင်း၊ သက်သေခံခြင်း၊ ဘုရားကျောင်း သွားခြင်း စသည် တို့သည် ကောင်းကြ ပါသည်။ သို့သော် ထို အရာများ အားဖြင့် ဆက်ကပ်ခြင်း နေရာ၌ အစား ထိုး၍ မရပါ။

သင့်အား ဘုရားသခင် စကားပြောနေပါသည်။ သင့်ကို သူပိုင်ကြောင်းကို သင်သိပါသလား။ သင့်ကိုငှင်း၊ သင်ပိုင်ဆိုင်သော အရာများနှင့် အချိန်နာရီများကိုငှင်း၊ သူသည် ပိုင်ဆိုင်ကြောင်းကို သင်သည် သိပါသလား။ သင့်အတွက် ဘုရားက ပြုလုပ်ပေးခဲ့သော အရာများကို စဉ်းစားခဲ့ဘူး ပါသလား။ ခရစ်တော်၏ ချစ်ခြင်းမေတ္တာကို ခံစားရပြီး သင့်အသက်တာကို သူ့အား ပြန်လည် ပေးဆပ်လိုပါသလား။ ယနေ့ စဉ်းစားပြီး ဆုံးဖြတ်ပါ။ ဘုရားသခင်သည်၊ သင့်အား ကောင်းကြီး ပေးပါစေသော။ ။ **အနိဒရှုး**

---

## အထီးကျန်လမ်းမဟုတ်ပါ

မေရီ(ဗျာပုံ)

**လူသည် မိမိသွားရာလမ်းကို စိတ်ထဲမှာ ကြံစည်၏။ သို့သော်လည်း သူ၏ခြေရာတို့ကို ထာဝရဘုရား စီရင်တော်မူ၏။ သုတ္တံ ၁၆း၉**

ကျွန်မ စင်ကာပူကို ၃–၁–၂၀၀၆ မှာရောက်ပါတယ်။ သို့သော်လည်း ၂–၁၂–၂၀၀၇ မှသာ မြန်မာဝတ်ပြု စည်းဝေးရာ ဘုရားကျောင်းကို ပထမဦးဆုံးအကြိမ် ရောက်ရှိခဲ့ပါတယ်။ ကျွန်မအတွက် ပထမဦးဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ် လားလို့တွေးပြီး စိတ်မကောင်း ဖြစ်မိပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ကျွန်မ ဟာ အပါတ်စဉ် အိမ်ရှင် သူဌေးနဲ့ အတူတူ သူ့ရဲ့ **Church** ကိုသွားနေရလို့ပါ။ အဆိုးဖြစ်စေ၊ အကောင်းဖြစ်စေ၊ ကျွန်မဟာ အမြဲကျေးဇူးတော် ချီးမွမ်းတတ်တဲ့ သူပါ။ နောက်တစ်ကြိမ် ရောက်နိုင်ဖို့ စဉ်းစားလို့ မရပေမဲ့ သခင့် စကား စာစောင်ကို စာမူရေး ပိုင်ခွင့်ရှိလို့ သိရတဲ့အတွက် ဘုရားရှင်ရဲ့ ကျေးဇူး တော်ကို အတိုင်းထက် အလွန်ဘဲ ချီးမွမ်း ဝမ်းသာမိပါတယ်။

သခင့်စကား စာစောင် အမှတ်စဉ် ၇၆ ဒီဇင်ဘာလ ၂၀၀၇ ကို စဖတ်ရတဲ့ အချိန်မှာ ဘုရားရှင်ဟာ ကျွန်မရဲ့ နှလုံးသားကို "သမီး နင့်ကို စာရေးဖို့ ငါ အလိုတော် ရှိတယ်" လို့ တို့ထိခံစားလိုက်ရပါတယ်။ မတိုင်ခင် နှစ်ပါတ်လောက်က အနီးဆုံးမှာ ရှိတဲ့ သူငယ်ချင်းတစ်ယောက်က သူ့ကို တွေ့တိုင်း ကျမ်းစာ ဖတ်ဖို့နဲ့ ကျွန်မရဲ့ သက်သေခံချက်တွေကြောင့် သူက စာစောင်ကို စာရေးဖို့ ပြောလာပါတယ်။ ကျွန်မလဲ ဘုရားရှင်ဆီမှာ အားယူ ဆုတောင်းပါတယ်။ ကျောင်းသား ဘဝတုံးက စာရေးတဲ့ အလုပ်ကို အမှန်ဘဲ ပျင်းတဲ့သူပါ။ ၈တန်းကို နှစ်နှစ် ဖြေခဲ့ရပါတယ်။ ၉တန်း ဆယ်တန်းကို ဆက်တက်ဖို့ လုံးဝ စိတ် မကူးဘဲ အရန် သားဖွားသင်တန်းတက်ဖို့ အမေ့ကို ခွင့်တောင်းခဲ့ပါတယ်။ အမေက ခွင့် မပြုပါဘူး၊ ၉ တန်းကို နှစ်ချင်းပေါက် အောင်ပေမဲ့ ဆယ်တန်းကို လေးနှစ် တိုင်တိုင် ဖြေခဲ့သော်လည်း မအောင်ခဲ့ပါဘူး။



ကျွန်မရဲ့ ဘကြီး သင်းအုပ်ဆရာက တို့ အသင်းတော်မှာ ကရင်ကျမ်းစာကျောင်းနဲ့ အင်္ဂလိပ် ကျမ်းစာကျောင်း တက်တဲ့သူတွေ ရှိတယ်၊ မြန်မာ ကျမ်းစာကျောင်း တက်တဲ့သူ မရှိသေးဘူး၊ နင် မြန်မာ ကျမ်းစာကျောင်း တက်ပါလို့ ပြောခဲ့ဖူးပါတယ်၊ ဒါနဲ့ ကျွန်မလဲ တက်ဖို့ လျှောက်လွှာ ဖြည့်ကာ အသင်းတော်ကို တင်ပြဖို့ အမေ့ဆီမှာ ခွင့်တောင်း ခဲ့ပါတယ်။ အမေက ခွင့်မပေးပြန်ပါဘူး။ ဝါသနာပါတဲ့ အလုပ်နှစ်ခုကို ဖြစ်အောင် မကြိုးစား နိုင်ခဲ့ဘဲ။ မိသားစု စားဝတ်နေရေးအတွက် ကူညီရင်းနဲ့ ကျွန်မရဲ့ အသက်ဟာ ၃၁ နှစ်ထဲကို ရောက်လာခဲ့ပါတယ်။

ကျေးဇူးတော် သက်သက်ကြောင့်သာ အကူ သူနာပြု ဖလသင်တန်းကို တက်ခွင့် ရရှိခဲ့ပါတယ်။ သင်တန်းဆင်း လက်မှတ်ရတာနဲ့ ရန်ကုန်မြို့မှာ မွေးကင်းစ ကလေးနဲ့ လူနာစောင့် အလုပ်တွေ လုပ်ရင်း စင်ကာပူမှာ အလုပ်လာလုပ်ဖို့ စိတ်ကူး ရှိလာလို့ ဆုတောင်းလိုက်ပါတယ်။ ဒါပေမဲ့ အမေဟာ ကိုယ်နိုင်ငံမှာ လုပ်စားလဲ ထမင်းမငတ်ပါဘူး လို့ ပြောပြန်ပါတယ်။ ကျွန်မ ဟာ သူနာ ပြုစုတာ ဝါသနာ ပါတဲ့ သူဆိုတော့ အမေကို ဆေးခန်း (သို့) ဘိုးဘွား ရိပ်သာမှာ လူနာ ပြုစုဖို့ သွားမှာပါလို့ပြောပြီး ဘုရားရှင်ရဲ့ အကူအညီကြောင့်သာ စင်ကာပူကို ရောက်ရှိ ခဲ့တာပါ။

ကျေးဇူးတော်ရှိလို့သာ လာခဲ့ပေမဲ့ အင်တာဗျူးတာ ဘာအလုပ်လဲလို့ အတိအကျ မသိရသေးပါဘူး။ အိမ်အလုပ်ကိုတော့ အဝတ်လျှော် မီးပူတိုက် လုံးဝ ဝါသနာ မပါတဲ့ သူပါ။ ကိုယ် ဝါသနာပါတဲ့ အလုပ် လူနာပြုစု ဖို့လောက်ဘဲ အာရုံက ရှိနေပါတယ်။ ရောက်ပြီး ၂ပါတ်မှာ ပွဲစားက အလုပ်လုပ် ရမဲ့ အိမ်ကို ပို့ပေးပါတယ်။ အဲဒီအိမ်မှာ အရင် အလုပ်လုပ်နေတဲ့ မြန်မာအမျိုးသမီးက ၂နှစ်ပြည့်လို့ အပြီးပြန်မှာ ဖြစ်ပါတယ်။ နောက်တစ်ပါတ်ကြာရင် သူက ပြန်တော့မှာမို့ လုပ်ရမဲ့ အလုပ်ကို သူ့နေရာမှာ အစားထိုးရမဲ့ ကျွန်မကို သူက အစစ အရာရာ သင်ပေးပါတယ်။ အဓိက အလုပ်ကတော့ စားသောက်ဆိုင်မှာ ရောင်းဖို့ အသား၊ ငါးနဲ့ ဟင်းသီးဟင်းရွက်တွေကို ပြင်ပြီး ဈေးကို ပို့ပေးရမှာပါ။ အမျိုးသမီးက ကျွန်မထက် ၁၀နှစ်ကျော် ငယ်ပါတယ်။ နှစ်နှစ်တာအတွင်း လုပ်ငန်းကျွမ်းကျင်မှု အရ ကျွန်မကို စံနစ်တကျ သင်ပေးပါတယ်။ သူက ငယ်တော့ ဖြတ်လတ် သွက်လက် နေပါတယ်။ ကျွန်မက လူအေး၊ အလုပ်လုပ်ရင် နှေးတဲ့သူ ဆိုတော့ သူ ကျွန်မကို စိတ်တိုင်း မကျပါဘူး။ သူက နယ်မှာ နေထိုင်ကြီးပြင်းလာတဲ့ တိုင်းရင်းသူ တစ်ဦး ဖြစ်နေတော့ ဗမာ စကား ကောင်းကောင်း မတတ်ပါဘူး။

ကျွန်မကို စကားပြောရင် သူက "မိန်းမ" လို့ ခေါ်ပါတယ်။ ကျွန်မ နာမည် "ခါး" ပါတယ်။ ဒီအသုံးအနှုန်းဟာ အိမ် ထောင်သည်တွေကဘဲ ခေါ်နေကျဆိုတော့ ကျွန်မ စိတ်နဲ့ မတွေ့လဲ သည်းခံမယ် တစ်ပါတ်ဘဲပေါ့လေ။ သူဟာလဲ ခရစ်ယာန် တစ်ယောက်ပါ။ ဒါပေမဲ့ သူ့ရဲ့ ပြုမူ ဆောင်ရွက်ချက်တွေဟာ ကျွန်မရဲ့ စိတ်ကို ထိခိုက် စေပါတယ်။ ကျွန်မ ကတော့ စကားပြောရင် ကျမ်းစကားနဲ့ ဘဲပြောပါ တယ်၊ "ပညာရှိ အမျက်၊ အပြင် မထွက် နဲ့" ဆိုပေမဲ့ ငါးရက်မြောက်တဲ့ နေ့မှာ တော့ ကျွန်မ ဒေါသအိုး ပေါက်ကွဲ ပါတော့တယ်။ ကျွန်မ ဟန်မဆောင် နိုင်တော့ ဘဲ။ နင့် နှလုံးသားကို စာတန် အနိုင်ယူနေတာ နင်ဘာလို့ မမောင်း ထုတ်တာလဲ လို့ ကျွန်မ သူ့ကိုမေးပါတယ်။ အဲ့ဒီတော့မှ သူက "ငါနော် နှစ်နှစ်လုံးလုံး ဘုရားကျောင်း မသွားရဘူး။ ငါ အင်္ဂါနေ့ဘဲ **Day off** ရတယ်နော်။ မိန်းမ နင်လုပ်နိုင်ပ့ါမလား" တဲ့ ။ ကျွန်မ သူ့ကိုချက်ချင်း ပြန်ဖြေတယ်။ နင်တောင်လုပ်နိုင်သေးတာဘဲ ငါဘာလို့ မလုပ်နိုင်ရမှာလဲလို့၊ ဒါပေမဲ့ ဘုရားရှင်ကို င့ါအတွက် အကောင်းဆုံး အလုပ်ကို ပြင်ဆင်ပေးဖို့ ငါဆုတောင်းခဲ့တယ်။ င့ါကို ဘုရားသခင်က ထိုက်တန်တဲ့ အလုပ် ပြင်ဆင်ပေးမယ်ဆိုတာ ငါယုံကြည်တယ်လို့ ပြန်ပြောလိုက်ပါ တယ်။

ခြောက်ရက်မြောက်တဲ့ နေ့မှာ ဈေးကို ပစ္စည်းသွားပို့ချိန်မှာ သူက ကျွန်မကို တစ်နေရာမှာ စောင့်ခိုင်းပြီး ဖုန်းသွားပြောနေပါတယ်။ မိုးကလဲ ရွာ၊ ကျွန်မ အရမ်းလဲ ချမ်းပါတယ်။ ကျွန်မ စိတ်ထဲမှာ ကိုယ်တော် အလိုတော်ရှိတဲ့ အလုပ်ကို ပြင်ဆင်ပေးပါလို့ ဆုတောင်းလိုက်ပါတယ်။ ကျွန်မ ဆာလံ ၂၃ ကို ၇ကြိမ် ရွတ်နေပါတယ်။ အဲဒီနေ့ည ၉နာရီမှာ အိမ်ရှင်က ဆိုင်ကနေ ဖုန်းဆက်ပါတယ်။ ကျွန်မရဲ့ ပစ္စည်းတွေ သိမ်းထားခိုင်းလိုက်ပါတဲ့။ ကျွန်မလဲ အကြောင်းရင်း ဘာမှ မမေးဘဲ ပစ္စည်းသိမ်းပြီး အိပ်ယာဝင်လိုက်ပါတယ်။ နောက်တစ်နေ့ မနက်မှာ ပွဲစားဟာ ကျွန်မကို လာခေါ်ပြီး နောက်ထပ် မြန်မာ အမျိုးသမီးတစ်ယောက်ကို ကျွန်မ နေရာမှာ အစားထိုး ခဲ့ပါတယ်။ ကျွန်မလဲ ဘာမှ မမေးဘဲ ပွဲစားအိမ်မှာ အလုပ် သစ်ရဖို့ ပြန်နေရပါတယ်။

ငါးရက် အကြာမှာ အိမ်ရှင်တစ်ယောက်က ခါး ခွဲစိတ်ကုသ ထားတဲ့ သူ့အမေကို ပြုစုဖို့ အမေ ကိုယ်တိုင်က အင်တာဗျူး ချင်တယ်လို့ ဆိုပြီး ကျွန်မကို လာခေါ် သွားပါတယ်။ အဘွားက ကျွန်မကို သူလိုချင်တဲ့ အချက်တွေ မေးပြီး ခေါ်မယ် မခေါ်ဘူးဆိုတာအကြောင်းမပြန်ဘဲ ပြန်ပို့ခိုင်းပါတယ်။ ကျွန်မ စိတ်ထဲမှာ တော့ ငါလုပ်ချင်တဲ့ အလုပ်ကို ကိုယ်တော် ပေးပြီလို့ တစ်ထစ်ချ ယုံကြည် လိုက်ပါတယ်။ စိတ်ချစွာ သိအောင် ပွဲစားကို မေးကြည့်တော့ တရုတ်နှစ်သစ်ကူး ပြီးမှ ခေါ်မယ်လို့ သိရပါတယ်။ ၂၁ရက်ကြာ ပွဲစားအိမ်မှာ စောင့်နေရင်းနဲ့ ကျေးဇူးတော် ချီးမွမ်းမိပါတယ်။

ကျွန်မကို လာခေါ်တာ စနေနေ့။ နောက်နေ့ မနက်မှာ အဘွားနဲ့အတူ သူတက်တဲ့ **Church** ကိုလိုက်သွားရပါတယ်။ အဘွားဟာ **Shock** ရဖူးတဲ့ သူဆိုတော့ သတိ ခနခန မေ့တတ်ပါတယ်။ ခန္ဓာပိုင်း၊ ဝိညာဉ်ပိုင်းနဲ့ ပါတ်သက်တာတွေကို ကျွန်မက အမြဲ သင်ပေးနေရလို့ သူက နင် ဆရာဝန်လား၊ သင်းအုပ်ဆရာ လားလို့ သူ့စိတ်နဲ့ မတွေ့တဲ့အခါ ကျွန်မကို မေးပါတယ်။ သူ့ရဲ့အမေးကို ကျွန်မ အရမ်းသဘောကျပါတယ်။ ကျွန်မ ဝါသနာပါတဲ့ အလုပ်တွေကို လုပ်နေရလို့ပါဘဲ။

အဓိက ရွေးချယ်တဲ့ ကျမ်းချက်နဲ့ သက်သေခံချင် တာကတော့ ကျွန်မ ဟာ ကိုယ်လုပ်ချင်တဲ့ အရာကို အခုလို စိတ်ထဲမှာ ကြံစည်ပါတယ်။ ဒီအရာကို ဘုရားရှင်သာ ပြုလုပ်ပေးနိုင်တယ်ဆိုတာ ချစ်သော ညီအစ်ကို မောင်နှမ တစ်ယောက်စီတိုင်းကို သက်သေခံချင်ပါတယ်။ ဘုရားရှင်၏ သန့်ရှင်းသော ဝိညာဉ်တော် ပို့ဆောင်လမ်းပြခြင်းအားဖြင့် စာဖတ်သူ အယောက်စီတိုင်း ဝိညာဉ် ခွန်အား ရရှိနိုင်ပါစေ။ ။ **မေရီ (ဗျာပုံ)**

(စင်ကာပူရောက် ၂နှစ်ပြည့် အမှတ်တရ –ကျေးဇူးတော် ချီးမွမ်းလျှက်)

---

## နောင်တ

NKKH (ရွှေပြည်သာ)

**ယော ၃း၁၆ ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။**

၁။ ဘုရားသခင်က ကျွန်မတို့ လူသားတွေကို ပျက်ဆီးခြင်းထဲ မရောက်စေချင်လို့ သားတော်ကို လောကထဲ စေလွှတ်ခဲ့တယ်။ သားတော်ကို ယုံကြည်တဲ့ သူတွေဟာ ပျက်ဆီးခြင်းထဲသို့ မရောက်ပါဘူး။ ဘုရားသခင် ကျွန်မတို့

လူသားတွေကို ချစ်တယ်။ ဒါပေမဲ့ လူသားတွေဟာ ဘုရားသခင်ရှေ့မှာ ဆိုးညစ်တဲ့ အမှုကို ပြုကြ ပါတယ်။ လူသားတွေရဲ့ သဘောသဘာဝက အလင်းထက် အမှောင်ကို ပိုပြီး သဘောကျကြတယ် မဟုတ်ဘူးလား။ လူတွေရဲ့ စိတ်ဟာ မကောင်းတဲ့ အကုသိုလ်မှာ ပျော်ကြတယ်။ ဒါကို ဘုရားသခင်က မကြိုက်ဘူး။ ဘုရားသခင်က သူဖန်ဆင်းထားတဲ့ လူသားတွေကို သူ့စကား နားထောင် စေချင်တယ်။ လူသား တွေ နားမထောင်တဲ့အခါ ဘုရားသခင်က လူသားကို ဖန်ဆင်း ခဲ့တာ ကို နောင်တ ရတယ်။

**ကမ္ဘာဦးကျမ်း ၆း၅–၆၊ မြေကြီးပေါ်မှာ လူအပြစ်ကြီး၍ သူ၏ စိတ်နှလုံး အကြံ အစည် ရှိသမျှတို့သည် အစဉ်မပြတ်ဆိုးညစ်ခြင်း သက်သက်ရှိကြောင်းကို ဘုရားသခင် သိမြင်တော်မူလျှင် မြေကြီးပေါ်မှာ လူကို ဖန်ဆင်းတော်မူသည်ကို နောင်တရ၍ နှလုံးတော် ပူပန်လျှက် ရှိတော်မူ၏။**

ဘုရားသခင်က ကမ္ဘာလောကကြီးကို ရေနဲ့ ဆေးပစ် ချင်တယ်။ ညစ် ပတ်နေတဲ့ အရာဝတ္ထုတွေကို ရေနဲ့ ဆေးကြောမှ သန့်ရှင်းလာမှာ ဖြစ်သလို ဘုရားသခင်ကလဲ အပြစ် ဒုစရိုက်တွေနဲ့ ညစ်ပတ်နေတဲ့ ကမ္ဘာ လောက လူသားတွေကို ရေနဲ့ ဆေးကြောပြီး သန့်ရှင်းစေချင်တယ်။ ဘုရားသခင်က ဘာမှ ကြိုတင် အသိမပေးဘဲ လုပ်လို့ ရပါတယ်။ ဒါပေမဲ့ အရင် သတိပေးတယ်။ လူတွေ နောင်တ ရပြီး အသက်တာ ပြောင်းလဲဖို့ နောဧ ဆိုတဲ့ ဖြောင့်မတ်စုံလင်တဲ့သူ၊ ဘုရားရဲ့ အလိုတော် အတိုင်း လိုက်လျှောက် အသက်ရှင် အစေခံတဲ့သူ ဖြစ်တယ်။ အဲဒီ အတွက် ဖျက်ဆီးတဲ့ အထဲမှာ နောဧကို မပါစေချင်ဘူး။ ဘုရား သခင်က နောဧကို သင်္ဘော ဆောက်ဖို့ ပြော တယ်။ နောဧဟာ ဘုရားသခင်ရဲ့ စကားကို နားထောင်ပြီး၊ ဘုရားသခင် ဆောက် စေချင်တဲ့ ပုံစံအတိုင်းဆောက်လုပ်ခဲ့ပါတယ်။



ရေးသန့်ရှင်းသူ တစ်ဦး အားဖြင့် သတိပေးခဲ့တယ်။ နောဧရဲ့ အသက်တာကို လေ့လာကြည့်တဲ့အခါ သူဟာ ဘုရားသခင်ရှေ့မှာ



နောဧဟာ သင်္ဘောဆောက်ခြင်းနဲ့ အလုပ်ရှုပ်နေချိန်မှာ လူသား တွေဟာ မူးယစ်သောက်စား ပျော်ပါး ထိမ်းမြားခြင်းအမှု၊ အခွအမှုတွေ နဲ့ အချိန်ဖြုန်းနေကြတယ်။ နောဧက သူတို့ရဲ့ လုပ်ရပ်တွေကို ရပ်ပြီး နောင်တစိတ်နဲ့ ဘုရားသခင်ထံ ပြောင်းလဲဖို့ အကြိမ်ကြိမ် သတိပေးခဲ့တယ်။ နောဧရဲ့ စကားကို လူသားတွေက နားမထောင်တဲ့အပြင် နောဧဟာ နွေခေါင်ခေါင်မှာ သင်္ဘော ဆောက်တာ ရူးနေလို့ ဆိုပြီး လှောင်ပြောင်ကဲ့ရဲ့ ခဲ့ကြတယ်။ သင်္ဘော ဆောက်လုပ် ပြီးစီးသွားတဲ့အခါ ဘုရားသခင်ဟာ နောဧရဲ့ အိမ်သူအိမ်သား အပေါင်းနဲ့ အတူ မြေကြီးပေါ်မှာ တိရစ္ဆာန်မျိုး မပြတ်စေချင်တဲ့အတွက် စင်ကြည်တဲ့ သားမျိုး၊ မစင်ကြည်တဲ့ သားမျိုး၊ မိုးကောင်းကင်မှာ ကျင်လည်တဲ့ ငှက် အထီးအမ အစုံ သင်္ဘောထဲ သွင်းခိုင်းတယ်။ အဲဒီနောက်ပိုင်း မြေကြီးပေါ်မှာ ရေလွှမ်းမိုးခြင်း စတင်ပါတော့တယ်။ ရက်ပေါင်းများစွာ မိုးရွာပြီး ရေလွှမ်းမိုးတဲ့ အခါ ဘယ်သူမှ မခံနိုင်တော့ပါဘူး။


ဘုရားသခင်ရဲ့ စကားနားထောင်ပြီး အလိုတော်အတိုင်း အသက်ရှင်တဲ့ နောဧနဲ့ မိသားစု မှတပါး လူသားအားလုံး ပျက်စီးဆုံးရှုံးခြင်းကို ရောက်ခဲ့ကြ ရတယ်။ လူသားတွေ အချိန်အခါရှိတုန်း နောင်တရပြီး စိတ်နှလုံး ပြောင်းလဲခဲ့မယ် ဆိုရင် ဒီလို ပျက်စီးဆုံးရှုံးခြင်းနဲ့ ရင်ဆိုင်ရမှာ မဟုတ်ပါဘူး။

၂) မဿဲ ၂၄း ၃၇–၄၀။ **လူသားသည် ကြွလာသောအခါ နောဧ လက်ထက်၌ ဖြစ်သကဲ့သို့ ဖြစ်လိမ့်မည်။ ရေလွှမ်းမိုးခြင်း မဖြစ်မီ ကာလ၌ နောဧသည် သင်္ဘောထဲသို့ ဝင်သော နေ့တိုင်အောင် လူများတို့သည် စားသောက်လျက် ထိမ်းမြား စုံဖက်လျက်နေ၍ ရေလွှမ်းမိုးခြင်း ရောက်သဖြင့် လူခပ်သိမ်းတို့ကို သုတ်သင် ပယ်ရှင်းသည် တိုင်အောင် သတိမဲ့ နေကြသည်နည်းတူ၊ လူသားသည် ကြွလာ သောအခါ၌ ဖြစ်လိမ့်မည်။**



ခရစ်တော် လောက လူသားတွေကို ကယ်တင် ဖို့ ကြွဆင်းလာခဲ့တယ် ဆိုတာကို ကျွန်မတို့ ယုံကြည် တယ်ဆိုရင် သူ့စကားကို နားထောင်ရမယ်၊ ကိုယ်တော်က ဘာပြောခဲ့လို့ ကျွန်မတို့ နားထောင်ရမယ်ဆိုရင် ကိုယ်တော်က လောကကို ဒုတိယအကြိမ် ကြွလာအုံးမယ်လို့ ပြောခဲ့ပါတယ်။ ပထမအကြိမ် ကြွလာတုန်းက သနားခြင်း ကရုဏာနဲ့ လောကလူသားတွေရဲ့ အပြစ်ကို ကိုယ်တော့် အသွေးတော်နဲ့ ဆေး ကြော ပေးခဲ့ပေမဲ့ ဒုတိယအကြိမ် ကြွလာ ခြင်းမှာတော့ လူသားတွေရဲ့ အပြစ်ကို တရားသဖြင့် စစ်ကြောစီရင်ဖို့ ဖြစ်တယ်။ ကိုယ်တော် ဘယ်အချိန် ကြွလာမလဲ ဆိုတာ **မဿဲ ၂၄း၃၆ မှား ထို အချိန် နာရီကိုကား အဘယ်သူမျှ မသိ၊ ကောင်းကင်တမန် မသိ၊ ငါ့ခမည်းတော် တစ်ပါးတည်း သာ သိတော်မူ၏။** လို့ဆိုထားပါတယ်။

ကိုယ်တော်ပြန်ကြွလာမဲ့ အချိန်ကို အတိ အကျ မပြောထားခဲ့ပေမဲ့ ကြွလာခါနီး အချိန်ကိုတော့ အတိအကျ ပြောခဲ့ပါတယ်။ ဒါဟာ ကျွန်မတို့ အသက်တာကို ပြင်ဆင်ဖို့ အချိန် ပေးခြင်း ဖြစ်ပါတယ်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရန်ဘက်ပြုကြ လိမ့်မည်။ အစာရေစာ ခေါင်းပါးမယ်။ ငလျင် လှုပ်မယ်။ ရောဂါထူပြောမယ်။ လူသားတွေ တစ်ဦးနဲ့ တစ်ဦး မေတ္တာ ခေါင်းပါးမယ်။ နေနဲ့ လ လည်း အလင်းရောင်တွေ မပေး တော့ဘူး။ ရာသီ ဥတုတွေ ဖောက်ပြန်မယ်။ အထက်ပါ အဖြစ် အပျက်တွေ ကြုံတွေ့ရပြီဆိုရင် လူသားသည် တံခါးဝ တိုင်အောင် ရောက်နေပြီဆိုတာ သတိပြု ရမှာ ဖြစ်ပါ တယ်။



အဲဒီလို အဖြစ်အပျက်မျိုး ယခု ကြုံတွေ့ နေရပြီလား။ တစ်ချို့ တစ်ဝက်နဲ့ တော့ ရင်ဆိုင်နေရပါပြီ။ အကုန်လုံးတော့ မပြည့်စုံသေးပါဘူး။ အချိန်နာရီမှာ ရက်မှ လ၊ လမှ နှစ်သို့ တဖြည်းဖြည်း သွားနေသကဲ့သို့ ထိုကဲ့သို့သော နေ့ရက်မျိုးနဲ့ ထိပ်တိုက် ရင်ဆိုင်ရဖို့ ကျွန်မတို့ လူသားတွေ တရွေ့ရွေ့သွားနေပါတယ်။ မိတ်ဆွေ သင့်ရဲ့ အသက်တာ ယုံကြည် စိတ်ချမှုရှိပြီလား။ သခင်ယေရှု ခရစ်တော်ကို မိမိရဲ့ ကယ်တင်ပိုင်ရှင် အဖြစ်နဲ့ ယုံ ကြည် လက်ခံရုံနဲ့ မပြီးသေးပါဘူး။ အလိုတော် အတိုင်း လိုက်လျှောက် အသက် ရှင်ဖို့လဲ လိုအပ်ပါတယ်။

သိပ်မကြာသေးတဲ့ ၂၀၀၄ ခုနှစ်က လှုပ်ခဲ့တဲ့ ငလျင် တစ်ခုကို မှတ်မိကြ အုံးမှာပါ။ သတိထားမိမယ် ဆိုရင် ငလျင်လှုပ်တဲ့နေ့ဟာ တနင်္ဂနွေနေ့ ဖြစ်တယ်။ ငလျင်လှုပ်တဲ့ အချိန်မှာ ကျွန်မ ဈေးထဲမှာ ဈေးဝယ်နေပါတယ်။ တစ်ချို့က အဲဒီ အချိန်မှာ စားသောက်နေကြတယ်။ တစ်ချို့က သွားဖို့ လာဖို့ အတွက် ပြင်ဆင်နေ ကြတယ်။ တစ်ချို့ လမ်းပေါ်မှာ ရှိနေကြ တယ်။ တစ်ချို့က ဘုရားကျောင်းထဲမှာ ဘုရားဝတ်ပြုနေကြတယ်။ အကယ်၍ အဲဒီ နေ့ အဲဒီအချိန်အခါမှာ ငလျင်ရိုးရိုး လှုပ် တာ မဟုတ်ဘဲ ၊ ခရစ်တော် ပြန်ကြွ လာတာ ဖြစ်ခဲ့မယ်ဆိုရင် မိတ်ဆွေ သင် ဘယ်နေရာမှာ ဘာလုပ်နေသလဲ ဆိုတာ သတိပြုဆင်ခြင်သင့်ပါတယ်။

နောင်တရဲ့ အဓိပ္ပါယ်က ပြုသင့် သည်ကို မပြုမိ။ မပြုသင့်သည်ကို ပြုမိသည့်အတွက် အချိန်လွန်မှ အသိ တရား ဝင်ကာ ပူပန်ခြင်း ဖြစ်ပါတယ်။ ကျွန်မတို့ လောကမှာ နေထိုင် အသက်ရှင်တဲ့အခါ လူတိုင်း နောင်တ ရဖူးကြမှာ ဖြစ်ပါတယ်။ တစ်ချို့ နောင်တ က ဆုံးရှုံးသွားတဲ့အရာကို နောက်တစ်ကြိမ် ပြန် လည် ကြိုးစား ရယူလို့ ရပေမဲ့၊ တစ်ချို့ နောင်တက ပြန်လည် ကြိုးစားလို့ မရ တော့ဘူး။ ဒီလိုဘဲ ကိုယ်တော် လောကကိုကြွလာပြီး အပြစ် စီရင်တော့မှ ကျွန်တော် ကျွန်မတို့ နောင်တ ရပါပြီဆိုပြီး ပြန်လည် ပြင်ဆင်လို့ ရမှာ မဟုတ် တော့ပါဘူး။ လမ်းဆုံး သွားပါပြီ။ ဒါ့ကြောင့် အချိန်အခါရှိတုန်း စဉ်းစားပါ။ ဆင်ခြင် ပါ၊ ပြင်ဆင်ပါ။

ဘုရားသခင်က သူဖန်ဆင်းထားတဲ့ လူသားတွေကို ပျက်ဆီးခြင်းထဲ မရောက်စေချင်ပါဘူး။ သူလုပ်မဲ့ အစီအစဉ် အားလုံးကိုလဲ လူသားတွေကို ကြိုတင် အသိပေးထားပါတယ်။ ကြိုတင်အသိပေးချိန်မှာ နောင်တ ရပြီး၊ အသက် တာကို ပြင်ဆင်မယ်ဆိုရင် ပျက်စီးခြင်းထဲ မရောက်ဘူးဆိုတဲ့ အ ကြောင်းကို ဓမ္မ ရာဇဝင် တတိယ စောင်ကို ဆင်ခြင်လေ့လာကြ ပါစို့ ။

၃) **ဓမ္မရာဇဝင် တတိယစောင် ၂၁း၂၉ ။ အာဟပ်သည် ငါ့ရှေ့မှာ နှိမ့်ချ သည်ကို မြင်ပြီလော။ ထိုသို့ ငါ့ရှေ့မှာ နှိမ့်ချသောကြောင့် သူ့လက်ထက်၌ ထိုဥပဒ်ကို ငါ မရောက်စေ။ သူ့သား လက်ထက်၌ သူ့အမျိုးအပေါ်သို့ ရောက်စေမည် ဟုမိန့် တော်မူ၏။**

ယေဇရေလမြို့သား နာဗုတ်ပိုင်တဲ့ ဥယျာဉ်က ရှိမာရိမင်းကြီး အာဟပ်ရဲ့ နန်းတော်နားမှာ ရှိတယ်။ အဲဒါကို အာဟပ်က လိုချင်တယ်။

နာဗုတ်ဆီမှာ ဥယျာဉ်ကို သွားတောင်းဝယ်တယ်။ နာဗုတ် ကလဲ ဘိုးဘွားပိုင် အမွေမြေဖြစ်လို့ မရောင်းနိုင်ဘူးလို့ပြောလိုက်တယ်။ အာဟပ်မင်းက လိုချင်တာ မရတဲ့အခါ မစားနိုင် မသောက်နိုင်ဖြစ်လာတယ်။ တပ်မက်စိတ်ဟာ အရမ်း ကြောက်စရာ ကောင်းပါတယ်။ ခင်ပွန်းဖြစ်သူ ယေဇဗေလ သိတော့ နာဗုတ်ကို လုပ်ကြံပြီး ဥယျာဉ်ကို သိမ်းယူခိုင်းတယ်။ အာဟပ်မင်းက နာဗုတ်ပိုင်တဲ့ ဥယျာဉ်ကို သိမ်းယူဖို့ အသွားမှာ ဘုရားသခင်က ပရောဖက် ဧလိယ အားဖြင့် အာဟပ် အပြစ်ကို ဖော်ပြတယ်၊ ဧလိယက အာဟပ်ကို နာဗုတ်အသွေးကို ခွေးလျက်တဲ့နေရာမှာ သင့်ရဲ့အသွေးကို ခွေးလျက်လိမ့်မယ်။ လို့ ဆိုပြီး အပြစ်ကို ထောက်ပြခဲ့တယ်။

ဧလိယ စကားကို ကြားတဲ့အခါ အာဟပ်ဟာ သူ့ အဝတ်ကို ဆုတ်ပြီး အစာရှောင် ဆုတောင်းတယ်။ သူ မှားယွင်းခဲ့တဲ့ လုပ်ရပ်တွေကို ဘုရားသခင်ရှေ့ မှာ ဝန်ချတောင်းပန်ပြီး စိတ်နှလုံး နှိမ့်ချစွာနဲ့ နေတယ်။ အဲဒီအတွက် ဘုရားသခင်က ဧလိယကို ထပ်ပြောတာက အာဟပ်မင်းဟာ နောင်တ စိတ်နဲ့ ဝန်ချတဲ့အတွက် သူ့လက်ထက်မှာ ထိုဥပဒ် မရောက်စေပါဘူး။ အာဟပ်ရဲ့ မှားယွင်းတဲ့ လုပ်ရပ်တွေအတွက်ကြောင့် ဘုရားသခင် သူ့ကို စီရင်တော့မယ်။ မစီရင်မီ စီရင်မဲ့အကြောင်း ကြိုတင်သတိပေးတယ်။ အဲဒီအချိန်မှာ အာဟပ် နှိမ့်ချစွာနဲ့ ပြောင်းလဲလာတဲ့အခါ ဘုရားသခင်သူ့ကို မစီရင်တော့ဘူး ဆိုတာ သိရပါတယ်။

ဘုရားသခင် လောကကြီးကို နောက်တစ်ကြိမ်ထပ်ပြီး စီရင်အုံးမယ်။ မစီရင်မီ လူသားတွေကို သတိပေးထားပါတယ်။ အသိပေးချိန်မှာ ကျွန်မတို့ လူသားတွေ ကလဲ အာဟပ်လိုမျိုး နောင်တစိတ်နဲ့ ပြင်မယ်ဆိုရင် ဘုရားသခင်ရဲ့ အပြစ်စီရင်ခြင်း ဒဏ်မှ ကင်းလွတ်ကြမှာဖြစ်သလို နောင်တမရဘဲ စိတ်ထင်ရာ လုပ်နေမယ်ဆိုရင် ထာဝရ မငြိမ်းနိုင်တဲ့ မီးအိုင်ထဲမှာ ခံစားရမှာဖြစ်သောကြောင့် အနည်းငယ် သတိပေးချင်ပါတယ်။ အယောက်စီတိုင်း မိမိတို့ အသက်တာကို ပြင်ဆင်လျှက် ဘုရားသခင်ရဲ့ အလိုတော်နှင့်အညီ လိုက်လျှောက် အသက်ရှင်နိုင် ကြပါစေလို့ ဆန္ဒပြုလျှက် … ။


ခရစ်တော်၏မေတ္တာအားဖြင့် … **NKKH** (ရွှေပြည်သာ)

---

## ကျွန်တော်နှင့်လျှာ ( မင်းအောင်သက်လွင် )

*အခန်း ၁။*

နယ်မြို့လေး တစ်မြို့၏ အသင်းတော် တစ်ပါးတွင် ဝတ်ပြုစည်းဝေး အပြီး၌ အသင်းတော် လူကြီးများ သာသနာ့ ကိစ္စ အဝဝ အတွက် အစည်းအဝေး ပြုလုပ်နေကြသည်။ ထိုစဉ် – ရပ်ကွက်ထဲမှ လူငယ်တစ်ဦး ပျာယီးပျာယာဖြင့် ဘုရားကျောင်းထဲ ပြေးဝင်လာကာ …



လူငယ်။ ။ ဆရာတို့ အသင်းတော်က အသင်းသားတစ်ဦးဖြစ်တဲ့ ဖိုးတေ ဆိုတဲ့ လူငယ်လေး၊ ဆေးခြောက် ရှူနေတာကို ရဲက ဖမ်းမိသွားလို့ အခု ရဲစခန်းမှာ ဖမ်းချုပ် ထားလိုက်ပြီ။ အဲဒါ၊ ဟို– စခန်းမှူးက ဒီအသင်းတော်က ဆရာ တို့သာ တာဝန်ယူ ဆုံးမ ပေးမယ်ဆိုရင် ဖိုးတေကို မဖမ်းချုပ်ထားဘဲ အာမခံနဲ့ လွှတ်ပေးမယ် လို့ ပြော ပါတယ်။ အဲဒါ၊ ဟို – ဖိုးတေကို ခန လိုက်ကြည့်ပြီး သူ့ အမှု လွတ်အောင် ကူညီပေးကြ ပါအုံးဗျာ။

ဥက္ကဌ။ ။ ဖိုးတေ၊ ဘယ်က ဖိုးတေ လဲကွ၊ တို့ အသင်းတော် ထဲမှာ ဒီလို နာမည်မျိုး မကြားဖူးပါဘူး။ နောက်ပြီး အဲဒီလောက် ဆိုးသွမ်းတဲ့ လူလဲ တို့အသင်းတော်မှာ ရှိမှာ မဟုတ်ပါဘူး။ သူက ငါတို့ အသင်းသား မဖြစ်နိုင်ပါဘူးကွာ။

အတွင်းရေးမှူး။ ။ ဪ – သိပြီ၊ ဟိုး – ရပ်ကွက် အစွန်နားမှာ နေတဲ့ ဖိုးတေ မဟုတ်လား။ ဂျစ်ကန်ကန် မိုက်ကန်းကန်းနဲ့ ကောင်၊ ဟိုတစ်နေ့ ကတောင် ငါ့သမီး တွေကို လိုက်နှောက်ယှက်သေးတယ်။

ဘဏ္ဍာရေးမှူး။ ။ ဟုတ်တယ်၊ ဟုတ်တယ်၊ သူ့အဖေက အရက်သမား၊ ထောင်ထွက်၊ သူ့ အမေက ရထားဘူတာရုံ နားမှာ ကုန်စိမ်းရောင်းတယ်။ ပါးစပ် ခပ်ကြမ်းကြမ်းနဲ့ စိတ်မထင်ရင် အော်ဆဲတတ်တဲ့ မိန်းမကြီးလေ။

သင်းထောက်လူကြီး။ ။ ဟာ– ရှုပ်ရှပ်ယှက်ယှက်ကွာ၊ ဒီလို မျိုးရိုး မကောင်း တဲ့ ကောင်ကို ကူညီဖို့ နေနေသာသာ၊ ဟော့ – တို့က ဒီမှာ အရေးကြီး တဲ့ ဘုရားအလုပ်တွေ လုပ်နေတာကွ၊ လာ မနှောက်ယှက်နဲ့။

တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတော့ ဖိုးတေ ရဲ့ သူငယ်ချင်း လူငယ်လေးလဲ ခေါင်းကုတ်ပြီး ခပ်ကုပ်ကုပ် နဲ့ ဘုရားကျောင်းထဲက ထွက်သွား ပါတော့တယ်။

*အခန်း ၂။*

နောက် ၃ နှစ်ခန့် ကြာသော် … ။

နယ်မြို့လေး တစ်မြို့၏ အသင်းတော် တစ်ပါးတွင် ဝတ်ပြုစည်းဝေး အပြီး၌ အသင်းတော် လူကြီးများ သာသနာ့ ကိစ္စ အဝဝ အတွက် အစည်းအဝေး ပြုလုပ်နေကြသည်။ ထိုစဉ် – ရပ်ကွက်ထဲမှ လူငယ်တစ်ဦး ပျာယီးပျာယာဖြင့် ဘုရားကျောင်းထဲ ပြေးဝင်လာကာ …

လူငယ်။ ။ ဆရာတို့ အသင်းတော်က အသင်းသားတစ်ဦးဖြစ်တဲ့ ဟိုး လွန်ခဲ့တဲ့ ၃နှစ် လောက်က ဆေးခြောက်မှုနဲ့ ထောင်ကျသွားတဲ့ ဖိုးတေ ဆိုတဲ့ လူငယ်လေး အခု နိုင်ငံခြားသွားပြီး အလုပ်သွားလုပ်တာ နိုင်ငံခြားကနေ သူ့ မိဘတွေဆီ ငွေတွေ အများကြီး ပို့ပေးလိုက်တယ်။ အခု သူတို့ နေခဲ့တဲ့ တဲလေး နေရာမှာ သုံးထပ်တိုက် အကြီးကြီးဆောက်ဖို့ ဆောက်လုပ်ရေး အင်ဂျင်နီယာတွေ သူတို့ ခြံဝိုင်းထဲမှာ ခြေချင်း လိမ်နေတာဘဲ။ သူ့အမေလဲ မြို့ထဲက ကုန်စုံဆိုင်ကြီး တစ်ဆိုင်ကို ငွေတွေအများကြီး ပေးပြီး တောင်းဝယ်နေတယ်။ နောက်ဆုံးပေါ် မော်တော်ကား တစ်စီးလဲ သူတို့ ခြံဝင်းထဲမှာ ရပ်ထားတယ်။ သူ့အဖေ ဆိုရင်လဲ သူ့ သူငယ်ချင်းတွေနဲ့ နိုင်ငံခြား အရက်တွေကို ခြံထဲမှာ မှာသောက်ပြီး ပါတီပွဲတွေ ညတိုင်း လုပ်နေတယ်။ ပြီးတော့ – ပြီးတော့ … ။

ဥက္ကဌ။ ။ ဟာ – ဖိုးတေ လား၊ ငါ သူ့ကို ကောင်းကောင်း သိတာပေါ့ကွာ။ တို့ အသင်းတော်မှာ နှစ်ခြင်းခံသွားပြီး အသင်းသားအဖြစ် ခံယူသွားတာလေ။

အတွင်းရေးမှူး။ ။ ဪ သိပြီ၊ ဟိုး ရပ်ကွက် အစွန်နားမှာ နေတဲ့ ဖိုးတေ မဟုတ်လား၊ ဒီကောင်လေးက လူတော် လူကောင်း လူရည်မွန်လေးပါ။

ဘဏ္ဍာရေးမှူး။ ။ ဟုတ်တယ်၊ ဟုတ်တယ်။ သူ့အဖေက ပျော်ပျော် နေတတ် တယ်၊ သဘောကောင်းတာယ်။ လူချစ်လူခင် ပေါတယ်လေ။ သူ့အမေက အလုပ် အရမ်း ကြိုးစားတဲ့ မိန်းမကြီးလေ။

သင်းထောက်လူကြီး။ ။ ဪ သူ နိုင်ငံခြားကို ရောက်နေပြီလား။ တို့ အသင်းတော်က လူကြီးတွေအားလုံး သူ့ကို အမြဲ သတိရ ဆုတောင်းပေးနေ ကြောင်း၊ သူ့အဖေနဲ့ အမေကိုလဲ နေ့တိုင်းလိုလို တို့က သွားပြီး မိတ်သဟာယ ဖွဲ့ နေကြောင်း၊ သူ့ကိုလဲ အဝေးရောက် အသင်းသားအနေနဲ့ တို့ အသင်းတော်က ဘုရားကျောင်း ဝတ်ပြုစည်းဝေးချိန်တိုင်းမှာ နာမည်တပ်ပြီး အထူးတလည် ဆုတောင်း ပေးနေကြောင်း။ အခုလို နှစ်သစ်မှာ နှစ်သစ်ကူး နှုတ်ခွန်းဆက်ကဒ် လေးကို တို့ လူကြီးတွေ စုပြီး၊ လက်မှတ်ထိုးပြီး သူ့ဆီပို့ လိုက်ကြ ရအောင်ဟေ့။

အဲဒီလို တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြ တော့ ဖိုးတေ ရဲ့ သူငယ်ချင်း လူငယ်လေးလဲ ခေါင်း ကုတ်ပြီး ခပ်ကုပ်ကုပ် နဲ့ ဘုရားကျောင်းထဲက ထွက်သွား ပါတော့တယ်။ ။

**(အခြေပြုကျမ်း၊ ယာကုပ် ၃း၁၀ – နှုတ်တစ်ပါးတည်း အထဲက ထောမနာ ချီးမွမ်းခြင်းနှင့် ကျိန်ဆဲခြင်း ထွက်တတ် ပါသည်။ တကား။ ငါ့ ညီအစ်ကို တို့ ထိုသို့ မဖြစ်ကောင်းရာ ။)**

**မင်းအောင်သက်လွင်**

( ဝန်ခံချက်–၁။ မည်သူ့ကို မှ မရည်ရွယ်ပါ။ သင်နှင့် ဖြစ်ရပ်ချင်း တူခဲ့ ပါက တိုက်ဆိုင်မှု သာလျှင် ဖြစ်ပါသည်။)

( ဝန်ခံချက်–၂။ ဤစာမူနှင့် ခပ်ဆင်ဆင်တူသည့် ဇာတ်လမ်း တစ်ပုဒ် အား ၂၀၀၀ ခုနှစ်ခန့်က သက်ထာဝရ မဂ္ဂဇင်းတွင် အခြား ခေါင်းစဉ် တစ်ခုဖြင့် (မမှတ်မိတော့ပါ ) 'အက်စစ်' ဟူသော ကလောင် အမည်သုံးကာ ကျွန်တော် ကိုယ်တိုင် ရေးသားဖော်ပြ ခဲ့ဖူးပါသည်။ ယခု ဒုတိယအကြိမ် ပြန်လည် မွမ်းမံ ရေးသား ဖော်ပြခြင်း ဖြစ်ပါသည်။)

---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်

( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

**Min Aung Thet Lwin, Blk 76A #30-02**
**Red hill road, Singapore 151076**
**E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))**

((သခင့်စကား စာစောင်ကို **www.jbcs.org.sg** တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))

**မင်း အောင် သက် လွင် မှ စဉ် ထုတ် ဝေ သည်**